မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၇၁)

၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့
အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အသားတိုးကြက် ထုတ်လုပ်မွေးမြူရောင်းချသူများအသင်း နှစ်ပတ်လည်အစည်းအဝေး တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အသားတိုးကြက် ထုတ်လုပ်မွေးမြူရောင်းချသူများ အသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက် အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ နှစ်ပတ်လည် အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ

စာမျက်နှာ ၆ ကော်လံ ၁ *

နွေစပါးထွန်ယက်

မော်လမြိုင်ကျွန်းမြို့နယ် ဝဲဒေါင့်ကျေးရွာ တောင်သူလယ်သမားများက နွေစပါးစိုက်ပျိုးရန် လက်တွန်းထွန်စက်ဖြင့် ထွန်ယက်နေကြစဉ်။ (သတင်းစဉ်)

နွေစပါးအောင်မြေတို့မှ နိုးကြားတက်ကြွသော အားမာန်အလှများ

နေပြည်တော် ဒီဇင်ဘာ ၉

နှင်းမှုန်ကလေးများ တဖွဲဖွဲကျဆင်းနေသော ဆောင်းဦးနံနက်ခင်းတွင် အအေးဓာတ်ကို အန်တု၍ အေးကမ္ဘာ ပွဲထောင်ရေယာဉ်သည် ရေလွှာပြင်ပေါ်၌ အားနှင့်မာန်နှင့် ပြေးလွှားနေသည်။

စာရေးသူတို့သတင်းအဖွဲ့မှာ မော်လမြိုင်ကျွန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စီစဉ်ကူညီပေးသော အေးကမ္ဘာ ပွဲထောင်ရေယာဉ်ဖြင့် နွေစပါး အောင်မြေဒေသများဆီသို့ သတင်းခရီးထွက်ခဲ့သည်။

အကြောင်းမှာ မိုးစပါး စောစောရိတ်သိမ်းပြီးသော လယ်မြေများတွင် တစ်ကွက်ပေါ် တစ်ကွက်စိုက်စနစ်ဖြင့် ဝင်ငွေတိုးပွား အကျိုးများသည့် နွေစပါးကို စံပြတောင်သူလယ်သမားများက နွေစပါးလုပ်ငန်းခွင် စတင်ဝင်ရောက်နေပြီဆိုသော သတင်းစကားကြောင့် နွေစပါး

စာမျက်နှာ ၆ ကော်လံ ၁ ■

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း
ကိုကိုဦး

စာမျက်နှာဖွဲ့စည်းမှု
လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းအတွက် ခိုင်မာတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ တက်ကြွပြတ်သားစွာ လုပ်ဆောင်လျက်ရှိကြောင်း အထင်အရှားတွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲပြောဆိုနေတာတွေဟာ လုံးဝ မှားယွင်းနေတယ်ဆိုတာကို နိုင်ငံတကာအနေနဲ့ရော၊ ပြည်သူအားလုံးပါ သိစေချင်ပါတယ်။ ဒါ့အပြင် လက်ရှိဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွေ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းရေးလုပ်ငန်းတွေ၊ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးလုပ်ငန်းတွေ အောင်မြင်သည်ထက် အောင်မြင်အောင် နည်းပညာအထောက်အပံ့များ၊ ဘိန်းစိုက်တောင်သူများ ဆင်းရဲမွဲတေမှုပပျောက်ရေး အစီအမံများမှာ ပူးပေါင်းပါဝင် လက်တွဲကူညီသင့်လှပါတယ်။ ဒါဆိုရင် ကမ္ဘာ့လူသား မျိုးနွယ်တစ်ရပ်လုံးရဲ့ အနာဂတ်ကို ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးဆိုတဲ့ အန္တရာယ်ဆိုးကြီးကို တိုက်ဖျက်နှိမ်နင်းရာမှာ ယခုထက်ပိုပြီး ထိရောက်အောင်မြင်မှု ရလဒ်ကောင်းတွေ ပေါ်ထွက်လာမှာ ဖြစ်ပါကြောင်း။

ကျော်ရဲမင်း၏ ဆောင်းပါး စာ-စနှင့် ၉တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်)

မူးယစ်ဆေးဝါးပပျောက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပါဝင်လက်တွဲတိုက်ဖျက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၈ရက်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားများကို ပြည်နယ်နှင့်တိုင်းများတွင် အခါအားလျော်စွာ ကျင်းပလာခဲ့ရာ ရန်ကုန်မြို့တွင် ၂၀၀၆ခုနှစ်အထိ အကြိမ်(၂၀)နှင့် ပြည်နယ်နှင့်တိုင်းအတွင်းရှိ မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် ဒေသများနှင့် မြို့ကြီးများ၌ (၄၇)ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၌ ၁၉၉၇ခုနှစ်က တစ်ကြိမ်၊ ၂၀၀၆ခုနှစ်က နှစ်ကြိမ်၊ ၂၀၀၉ခုနှစ်က တစ်ကြိမ် စုစုပေါင်း လေးကြိမ်ကျင်းပခဲ့ရာ ယခုဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ဖျက်ဆီးမှုသည် ငါးကြိမ်မြောက်ဖြစ်သည်။

မူးယစ်ဆေးဝါးပြုလုပ်ရာတွင် အဓိကကုန်ကြမ်းဓာတုပစ္စည်းများကို နေရာအနှံ့တွင် ဒေသခံပြည်သူများ၏ ကူညီမှုဖြင့် ထိထိရောက်ရောက် နှိမ်နင်းခဲ့သဖြင့် မူးယစ်ဆေးဝါးမှောင်ခိုသမားများသည် စိတ်ကြွဆေးပြား ထုတ်လုပ်ရာ၌ အဓိကကျသည့် ဓာတုပစ္စည်းများ လွယ်လွယ်ကူကူ မရရှိနိုင်ခဲ့ပေ။

ယင်းသို့သော အခြေအနေမျိုးတွင် မူးယစ်ဆေးဝါး မှောင်ခိုသူများသည် တစ်ဖက်နိုင်ငံက ဆူဒိုအက်ဖီဒရင်း အိမ်သုံးဆေးဝါးများကို နည်းမျိုးစုံဖြင့် ပြည်တွင်းသို့ တင်သွင်းလာခဲ့ကြသည်။ ၄င်းဆေးဝါးသည် စိတ်ကြွဆေးထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သဖြင့် အက်ဖီဒရင်းဓာတုပစ္စည်းများ ပြန်လည်ထုတ်ယူနိုင်ကြောင်း ဖော်ထုတ်သိရှိရ၍ တရားမဝင် ဝင်ရောက်လာသော ဆူဒိုအက်ဖီဒရင်းအိမ်သုံးဆေးဝါးများကို သက်ဆိုင်ရာက အလေးထား တားဆီး ကာကွယ်လာခဲ့သည်။

ယင်းဓာတုပစ္စည်းများသည် ရှေးယခင်က မူလပုံစံအတိုင်း ဝင်လာခြင်းဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အသွင်ပြောင်းပြီး အိမ်သုံးဆေးဝါးများမှတစ်ဆင့် ဝင်ရောက်လာခြင်းဖြစ်၍ နိုင်ငံချင်း သတင်းဖလှယ်မှုများပြုလုပ်ပြီး တားဆီးနှိမ်နင်းရေးများ ပြုလုပ်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကြီးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူပြီး နိုင်ငံတွင်းရှိ သယံဇာတ အရင်းအမြစ်များအပေါ်အခြေပြု၍ စွမ်းအားပြည့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ပါဝင်လက်တွဲ တိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကံမမြို့နယ် ကျောင်းပေါင်းစုံ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၉

သရက်ခရိုင် ကံမမြို့နယ်မှ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ကံမမြို့နယ်အသင်း(ရန်ကုန်)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းအားလုံးတို့မှ အသက်(၆၅)နှစ်နှင့်အထက် အငြိမ်းစားဆရာ ဆရာမ ၁၁၀တို့အား အာစရိယပူဇော်ပွဲကို ကံမအထက မြဝတီခန်းမ၌ ဒီဇင်ဘာ၂၆ရက်(စနေနေ့) နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာ ဆရာမများအတွက် တည်းခိုနေထိုင်စားသောက်ရေး စီစဉ်ထားရှိမည်ဖြစ်ပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော ဆရာ ဆရာမများအနေဖြင့် ဦးဇော်မိုးလွင် ဖုန်း-၀၉-၅၀၇၆၈၂၆ နှင့် ဦးဝင်းနိုင် ဖုန်း-၀၆၈-၂၁၄၂၅တို့သို့ ကြိုတင်ဆက်သွယ်နိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အခမ်းအနားတွင် ကံမမြို့နယ်အသင်း(ရန်ကုန်)က ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများနှင့် နွေရာသီယဉ်ကျေးမှု စာမေးပွဲ၌ မြို့နယ်အဆင့် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်မည် ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများနှင့် ရန်ကုန်မှကံမသို့ ကားဖြင့်လိုက်ပါလိုသူများသည် ဒုတိယ ဗိုလ်မှူးကြီးဝင်းအောင်(ငြိမ်း) ဖုန်း-၀၉-၅၁၃၈၅၅၀၊ ဦးအောင်တိုး ဖုန်း-၀၉-၅၀၆၆၃၈၉၊ ဦးစိုးငြိမ်း ဖုန်း-၅၁၇၄၆၆၊ ဦးသိန်းတန် ဖုန်း-၅၀၄၉၁၀၊ ဦးအေးလွင် ဖုန်း-၅၂၆၆၃၈နှင့် ဦးခင်ဇော် ဖုန်း-၀၉-၅၀၇၃၇၆၄တို့သို့ ကြိုတင်ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အထက(၁)တာမွေ မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၉

အထက(၁)တာမွေတွင် ၁၉၇၂-၁၉၇၃ခုနှစ်ဝန်းကျင်က ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ ကြီးမှူးကျင်းပသည့် (၁၄)ကြိမ်မြောက် မြတ်ဆရာ ကန်တော့ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် မွန်းလွဲ ၁နာရီတွင် အထက(၁)တာမွေ ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

မြတ်ဆရာပူဇော်ပွဲသို့ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးမောင်မောင်တီ(သချ်ာ) ဖုန်း- ၅၅၂၀၅၄၊ ၀၉-၅၁၈၆၆၃၇၊ ဒေါက်တာတင်စံဦး ဖုန်း-၀၉-၅၁၃၃၉၆၆၊ ဒေါက်တာသန်းသန်းစိုး ဖုန်း-၇၂၄၅၉၀၊ ၀၉-၅၁၉၄၈၄၉၊ ဒေါ်အေးအေးသန်း ဖုန်း-၅၄၂၂၃၈၊ ၅၄၂၂၅၄၊ ဒေါ်နီနီမြင့် ဖုန်း-၅၄၂၄၀၁၊ ဒေါ်ခင်အေးမြင့် ဖုန်း-၂၅၄၁၀၈၊ ဒေါ်ကျင်ကျင်စန်း ဖုန်း-၅၄၅၈၆၆နှင့် ဒေါ်လှလှမူ ဖုန်း-၅၄၃၇၉၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီ ရုပ်မြင်သံကြား

၁၀-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅:၃၀ ၇။ မွေးမြူသုတ
၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လှျပ်တစ်ပြက်
၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **မှော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၃၀)
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၂၇)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု စနစ်တကျအသုံးချ သစ်တောသယံဇာတ
၁၉။ အနုပညာရှင်၏တစ်နေ့တာ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရုဏ်ဦးအချစ်** (အပိုင်း-၁၀)

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနေ့ ပြည်မြို့၌ကျင်းပ

ပြည် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်းကျင်းပသည့် လူထုအခြေပြု အိမ်တွင်းပြုစုမှုဌာန အကြိုဆွေးနွေးပွဲနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနေ့ နှစ်(၂၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၆ရက် နံနက် ၉နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ တိုင်းကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် UNICEFတို့မှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံကလေးသူငယ်များ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် လက်ထောက်စီမံချက်မန်နေဂျာ ပါမောက္ခ ဒေါ်ရင်မြက လူထုအခြေပြု အိမ်တွင်းပြုစုမှုလုပ်ငန်းများကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်လှယဉ်နုက အကာကွယ်ပေးသော ပတ်ဝန်းကျင်တည်ဆောက်ပါ ဆောင်ပုဒ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကွင်းဆင်းအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်ရီရီလေးက ကလေးသူငယ်များသည် အန္တရာယ်ကျရောက်လွယ်သောကြောင့် အခြေခံပြုစုစောင့်ရှောက်မှုနှင့် ကာကွယ်မှု လိုအပ်သည်ဆိုသည့်အချက်နှင့် အခြေခံပြုစုစောင့်ရှောက်မှုနှင့် ကာကွယ်မှု တာဝန်ဝတ္တရားများမှာ မိသားစုပင်ဖြစ်သည်ကို အထူးဂရုပြုကြရမည်ဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် ခေတ္တရာမြို့သစ် ရွှေတံခါးတန်းခွဲ အလယ်တန်းကျောင်းတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနေ့ နှစ်(၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို လက်ထောက်စီမံချက်မန်နေဂျာ ပါမောက္ခဒေါ်ရင်မြက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၅၇)**

ထီးချိုင့် အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၉

ထီးချိုင့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၆၈-၁၉၆၉ ပညာသင်နှစ်မှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများ စုပေါင်းပြီး အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၇ရက်တွင် ထီးချိုင့်မြို့ အထက်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဦးစိုးစိုး ဖုန်း-၀၇၅-၆၀၃၅၀၊ ၆၀၀၃၆၊ မခင်သက်ဦး ဖုန်း-၀၇၅-၆၀၄၃၅၊ ဦးစောလင်း ဖုန်း-၀၂-၆၁၉၁၃၊ ၀၉-၂၀၁၃၄၅၄၊ ဆရာမဒေါ်ထူးထူး ဖုန်း-၀၉-၅၁၈၉၉၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ပွင့်ဖြူမြို့ အထက အာစရိယပူဇော်ပွဲကျင်းပ

ပွင့်ဖြူ ဒီဇင်ဘာ ၉

မင်းဘူးခရိုင် ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၅ရက် နံနက် ၉နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေးက ဂုဏ်ပြုဂါရဝစကား ပြောကြားပြီး ပွင့်ဖြူမြို့ အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးကျော်ဆင့်က အာစရိယပူဇော်ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ အခမ်းအနားတွင် အပူဇော်ခံ အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီး ၆၃ ဦးအား တပည့်ကျောင်းသား ကျောင်းသူဟောင်းများက ဂါရဝပြု ပူဇော်ကန်တော့ကြသည်။ **(ဝဲပုံ)**

ကျေးဇူးတင်စကား

ထို့နောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီးဦးသန်းညွန့်(ရန်ကုန်)၊ ဆရာကြီးဦးနီ(လယ်ကိုင်း)၊ ဆရာမကြီးဒေါ်လှလှ(ရန်ကုန်)၊ ဆရာဦးသန်းနွဲ့(မင်းဘူး)နှင့် ဆရာမကြီးဒေါ်ခင်သန်း(မင်းဘူး)တို့က ဩဝါဒစကားများပြောကြားကြပြီး တပည့်ကျောင်းသား ကျောင်းသူဟောင်းများဖြစ်ကြသော ဒေါ်ခင်အေးကြူ(ပွင့်ဖြူ)နှင့် ဦးဇော်မင်းဦး(မန္တလေး)တို့က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယနေ့လူငယ်၊ နောင်ဝယ်အင်အား ဆိုသကဲ့သို့ လူငယ်များသည် နိုင်ငံ၏ အနာဂတ်အင်အားများဖြစ် စာနယ်ဇင်းများသည် နိုင်ငံတော်၏ မဏ္ဍိုင်ကြီးသုံးရပ်ကို ထိန်းညှိပေးရန် လိုအပ်သကဲ့သို့ ပြည်သူများကို မှန်ကန်သည့် အတွေးအခေါ်အယူအဆများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ပေးရမည့် တာဝန်ရှိ

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း စာနယ်ဇင်းပညာသင်တန်း သင်တန်းသားသင်တန်းသူများအား တွေ့ဆုံအားပေးစကားပြော

ရန်ကုန် ဒီဇင်ဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် ဒုတိယထပ်ရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ခန်းမ၌ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်လျက်ရှိသည့် စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ် (၃/၂၀၀၉) သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအားပေးရာ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ သင်တန်းကြီးကြပ်မှုကော်မတီဝင်များ၊ သင်တန်းနည်းပြများလည်း တက်ရောက်ကြသည်။

ယနေ့လူငယ် နောင်ဝယ်အင်အား

ထိုသို့ တွေ့ဆုံအားပေးရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယနေ့နိုင်ငံတကာ၏ ကဏ္ဍအသီးသီးကို ကြည့်ပါက လူငယ်များနေရာယူ ဆောင်ရွက်နေကြသည်ကို တွေ့ကြရမည် ဖြစ်ကြောင်း၊ ယနေ့လူငယ်၊ နောင်ဝယ်အင်အားဆိုသကဲ့သို့ လူငယ်များသည် နိုင်ငံ၏ အနာဂတ်အင်အားများဖြစ်ကြောင်း၊တိုင်းပြည်တစ်ပြည်၊လူမျိုးတစ်မျိုး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အင်အားဆိုသည်မှာ မရှိမဖြစ် အဓိကလိုအပ်ကြောင်း၊ ယနေ့ကမ္ဘာတွင် နိုင်ငံပေါင်း ၂၀၀ကျော် ရှိနေပြီး နယ်မြေအကျယ်အဝန်းနှင့် လူဦးရေ အချိုးအစားပေါ်မူတည်၍ အရွယ်အစား ကွဲပြားကြောင်း၊ သို့သော် နိုင်ငံတိုင်းသည် အချုပ်အခြာအာဏာပိုင်ဆိုင်သော လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ် (၃/၂၀၀၉) သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စာနယ်ဇင်းပညာ သင်တန်းအမှတ်စဉ် (၃/၂၀၀၉) သင်တန်းသား သင်တန်းသူများ ထုတ်ဝေထားသည့် သတင်းစာဂျာနယ်များနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အင်အားများကို တည်ဆောက်ကြရကြောင်း၊ ယင်းအင်အားများမှာ စီးပွားရေးအင်အား၊ စည်းရုံးရေးအင်အားနှင့် ကာကွယ်ရေးအင်အားတို့ဖြစ်ကြောင်း၊ ယင်းအင်အားသုံးရပ်ကို ခိုင်မာအောင် တည်ဆောက်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ရပ်တည်နေကြခြင်းဖြစ်ကြောင်း၊ ၄င်းအင်အား သုံးရပ်အပြင် နိုင်ငံတကာ၏ အထောက်အကူအားကိုလည်း တစ်ဖက်က ရယူရပ်တည်ကြရကြောင်း၊ ထိုသို့သော အား(၄)အားနှင့် ပြည့်စုံမှသာ အင်အားကြီးနိုင်ငံများ၏ ချယ်လှယ် စွက်ဖက်မှုများကို ဟန့်တားချေဖျက်နိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၌ လူငယ်များ၏ အရေအတွက်နှင့် အရည်အချင်းအချိုးညီပေါင်းစပ်နိုင်မှသာ ယင်းသို့သော စစ်မှန်သည့်အင်အားများ ဖြစ်ထွန်းလာနိုင်မည် ဖြစ်ကြောင်း၊ သို့သော် အရေအတွက်နှင့် အရည်အချင်းရှိသော လူငယ်အင်အားများ ရှိသည်ဆိုရုံမျှဖြင့် မလုံလောက်ဘဲ ယင်းလူငယ်များကိုယ်တိုင်က မိမိတိုင်းပြည်နှင့် လူမျိုးကိုချစ်သော မျိုးချစ်စိတ် အခြေခံရှိရန်ပါ အထူးလိုအပ်ကြောင်း။

ပဥ္စမမဏ္ဍိုင်

ယနေ့အချိန်သည် မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်လာစေရန် အသွင်ကူးပြောင်း လျှောက်လှမ်းနေချိန်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်စသည့် မဏ္ဍိုင်ကြီး သုံးရပ်သည် မရှိမဖြစ်လိုအပ်သော မဏ္ဍိုင်ကြီးများဖြစ်ကြောင်း၊ အလားတူပင် စာနယ်ဇင်း၊ တစ်နည်းအားဖြင့် စတုတ္ထမဏ္ဍိုင်ဆိုသည်မှာလည်း အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ကြောင်း၊ သို့သော်လည်း ဤမျှဖြင့် ပြည့်စုံလုံလောက်ပြီဟု မယူဆနိုင်သေးကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အဓိကအကျဆုံးသော ပြည်သူဆိုသည့် ပဥ္စမမဏ္ဍိုင်ကိုလည်း ထပ်မံထည့်သွင်းသင့်သည်ဟု ယူဆကြောင်း၊ စာနယ်ဇင်းများသည် အထက်ဖော်ပြပါ မဏ္ဍိုင်ကြီးသုံးရပ်ကို ထိန်းညှိပေးရန် လိုအပ်သကဲ့သို့ ပြည်သူများကိုလည်း မှန်ကန်သည့် အတွေးအခေါ်အယူအဆများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ပေးရမည့် တာဝန်ရှိသေးပါကြောင်း။

အမျိုးသားအကျိုးစီးပွားဖော်ဆောင်

လွန်ခဲ့သော ရာစုနှစ်များကို ပြန်လည်သုံးသပ်ပါက ကမ္ဘာ့နိုင်ငံများသည် ဝါဒရေးကိုသာ အဓိကအခြေခံခဲ့ကြကြောင်း ၊ ယနေ့နှစ်ဆယ့်တစ်ရာစု ကမ္ဘာ့နိုင်ငံများကမူ ဝါဒရေးဆိုသည်ကို ကိုင်စွဲမထားကြတော့ဘဲ အမျိုးသားရေး အကျိုးစီးပွားကိုသာ ရှေ့တန်းတင်လာကြကြောင်း၊ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ပထမဦးစားပေး သတ်မှတ်လာကြကြောင်း၊ သို့သော်လည်း ကမ္ဘာ့သမိုင်းတွင် အစွန်းရောက်သော အမျိုးသား အကျိုးစီးပွားစိတ်ဓာတ်ကို အခြေခံသဖြင့် ပျက်စီးခဲ့ကြသော နိုင်ငံများကိုလည်း သင်ခန်းစာအဖြစ် တွေ့နိုင်သေးကြောင်း၊ ထို့ကြောင့် မိမိတို့လူငယ်များအနေဖြင့် အစွန်းမရောက်သော အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရန် ဆိုသည့် အခြေခံစိတ်ဓာတ်ရှိရန်လိုကြောင်း။

မီဒီယာသမားကောင်းများ

ယနေ့ သင်တန်းသား သင်တန်းသူ၊ လူငယ်များသည် စာနယ်ဇင်း မီဒီယာသမားများ ဖြစ်ကြသဖြင့် အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများ ဖြစ်လာကြစေလိုကြောင်း၊ တစ်ချိန်က မိမိနိုင်ငံ၏ စာနယ်ဇင်းသမိုင်းကြောင်းအား ပြန်ကြည့်ပါက ၁၉၄၈ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ အချိန်ကာလသည် လွတ်လပ်သော စာနယ်ဇင်းခေတ်ဟု ဆိုကြကြောင်း၊ သို့သော်လည်း ထိုခေတ်စာနယ်ဇင်းများသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ မူဝါဒစွဲနှင့် ငွေကြေးအရင်းအနှီး အမြတ်အစွန်းများပေါ်တွင်သာ အခြေခံခဲ့ကြသဖြင့် လွတ်လပ်သော စာနယ်ဇင်းဆိုသည်ထက် ကျင့်ဝတ်နှင့်အထိန်းအကွပ်မရှိသော စာနယ်ဇင်းများဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် အနာဂတ်စာနယ်ဇင်းများအတွက် အမျိုးသားအကျိုးစီးပွားဘက်တော်သား စာနယ်ဇင်းသမားကောင်းများဖြစ်လာရန် အထူးလိုအပ်သည်ဟု မှာကြားရခြင်းဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ အရည်အသွေးမြင့်မားရေးသည်လည်း အထူးလိုအပ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရေး ထူထောင်ရန် လမ်းညွှန်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍနှင့်ပတ်သက်၍ လူတိုင်းလက်လှမ်းမီသော ပညာရေးစနစ်ကို တည်ဆောက်ပေးနေပါကြောင်း၊ ပညာသင်ယူနိုင်သည်နှင့်အမျှ လူ့အဖွဲ့အစည်း၏ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးဖွံ့ဖြိုးမှု၊ ဗဟုသုတကြွယ်ဝမှု၊ ကျွမ်းကျင်မှုတို့ ပေါင်းစပ်ပြီး အရည်အသွေးမြင့်မားမှုဆိုသည်ကိုလည်း ရရှိလာမှာ ဖြစ်ကြောင်း၊ အချုပ်အားဖြင့် မိမိတိုင်းပြည်နှင့် လူမျိုးကိုချစ်ပြီး အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း စသဖြင့် အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးသည် သင်တန်းသား သင်တန်းသူများ ထုတ်ဝေထားသည့် သတင်းစာဂျာနယ်များနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

လာအိုဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ရွှေ နှစ်ခု၊ ငွေ နှစ်ခု၊ ကြေး တစ်ခု ဆွတ်ခူးရရှိ

➤ သတင်းနှင့် ဓာတ်ပုံမှတ်တမ်း- စိုးညွန့် (ခေတ္တ-ဗီယင်ကျန်း)

ဗီယင်ကျန်း ဒီဇင်ဘာ ၉ (ဂျီမေးလ်)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပလျက်ရှိရာ မြန်မာအားကစားအဖွဲ့က ဒီဇင်ဘာ ၉ရက်တွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် တစ်ခု ဆွတ်ခူးရရှိသွားသည်။ မြန်မာအားကစားအဖွဲ့သည် ဆုတံဆိပ် ငါးခုရရှိပြီး နိုင်ငံအလိုက် ဆုရရှိမှုတွင် ပထမနေရာ၌ ရပ်တည်လျက်ရှိသည်။

ရွှေတံဆိပ်

မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များကို ကွင်းသွင်း ခြင်းခတ် (Hoop Takraw) ပြိုင်ပွဲမှ ရွှေတစ်ခု၊ ငွေတစ်ခု၊ တိုက်ကွမ်ဒိုပြိုင်ပွဲမှ ရွှေတစ်ခု၊ ငွေတစ်ခုနှင့် ကြေးတစ်ခုတို့ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီး ကွင်းသွင်းခြင်းခတ် (Hoop Takraw) ပြိုင်ပွဲတွင် မြန်မာအသင်းက ၆၉၀ မှတ်ဖြင့် ရွှေတံဆိပ်ရရှိခဲ့ပြီး၊ ဗီယက်နမ်အသင်းက ၆၅၀မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့သည်။ ကြေးတံဆိပ်များကို အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်းတို့က ရရှိကြသည်။ အမျိုးသား Hoop Takraw ပြိုင်ပွဲတွင် ထိုင်းအသင်းက ၉၃၀မှတ်ဖြင့် ရွှေတံဆိပ်၊ မြန်မာအသင်းက ၇၆၀မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့ကြပြီး ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားအသင်းတို့က ကြေးတံဆိပ်တို့ ရရှိခဲ့ကြသည်။

မြန်မာအမျိုးသမီးအသင်း ကွင်းသွင်း ခြင်းခတ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိပြီး ဤသို့ ပျော်ရွှင်မြူးတူးခဲ့ကြသည်။ (မြန်မာ့အလင်း)

အမျိုးသမီး တစ်ဦးချင်း တိုက်ကွမ်ဒိုပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မယမင်းကေခိုင်။ (မြန်မာ့အလင်း)

တိုက်ကွမ်ဒိုပြိုင်ပွဲကကွက်(Poomsae) အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မယမင်းကေခိုင်(မြန်မာ)က ရွှေတံဆိပ်ရရှိခဲ့ပြီး လာအိုက ငွေတံဆိပ်၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့က ကြေးတံဆိပ်တို့ ရရှိခဲ့ကြသည်။ ကကွက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာမှ ဆန်းရှိန်သက်က ငွေတံဆိပ်ရရှိခဲ့ပြီး၊ အိမ်ရှင်လာအိုက ရွှေတံဆိပ်၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားတို့က ကြေးတံဆိပ်အသီးသီး ရရှိကြသည်။ ကကွက် နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာ တိုက်ကွမ်ဒိုအဖွဲ့မှ သော်ဇင်ဟန်နှင့် ချောကလျာဝင်းတို့အတွဲက ကြေးတံဆိပ် ရရှိခဲ့ပြီး၊ ဗီယက်နမ်က ရွှေတံဆိပ်၊ ထိုင်းက ငွေတံဆိပ် ရရှိကြသည်။ ။

(မြန်မာ့အလင်း)

ဘဂ္ဂဒက်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွား အပြစ်မဲ့အရပ်သားများစွာ သေဆုံးဒဏ်ရာရမှုများဖြစ်ပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်

ဘဂ္ဂဒက် ဒီဇင်ဘာ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဒီဇင်ဘာ ၈ရက်က ဆက်တိုက်ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အပြစ်မဲ့အရပ်သားများ သေဆုံးဒဏ်ရာရရှိမှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်လိုက်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ဒီဇင်ဘာ ၈ ရက်က ဖြစ်ပွားသော ဗုံးခွဲတိုက်ခိုက်မှုများမှာ နိုင်ငံတကာ အသိုင်းအဝိုင်းက ပြစ်တင်ရှုတ်ချထိုက်သောလုပ်ရပ်ဖြစ်ကြောင်း၊ အီရတ်အစိုးရနှင့်အတူ နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့် ပူးပေါင်းဖြေရှင်းမှုများ ပိုမိုပြုလုပ်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သတင်းထုတ်ပြန်ချက်ကို ကုလသမဂ္ဂဆိုင်ရာ ဘူကီနာဖာဆိုနိုင်ငံသံအမတ်ကြီး မစ်ရှဲလ်ကာဖန်နိုက ဖတ်ကြားခဲ့သည်။

တိုက်ထုတ်

ယင်းကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုမှာ နိုင်ငံတကာလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ခြိမ်းခြောက်မှုတစ်ရပ်ပင်ဖြစ်ကြောင်း၊ သို့အတွက် နိုင်ငံတကာဥပဒေများနှင့်အညီ တာဝန်သိစိတ်များဖြင့် နိုင်ငံတိုင်းမှ အကြမ်းဖက်သမားများအား တိုက်ထုတ်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြေညာချက်၌ပါရှိသည်။

ပြောကြား

တုန်လှုပ်ချောက်ချားမှုကို ဖြစ်စေသည့် ဘဂ္ဂဒက်ဗုံးခွဲတိုက်ခိုက်မှုများကို ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချလိုက်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း ကုလသမဂ္ဂဌာနချုပ်၌ သတင်းထောက်များအား ပြောကြားသည်။

ဒဏ်ရာရရှိ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ မိနစ်အနည်းငယ်အတွင်း ဗုံးခွဲတိုက်ခိုက်မှုငါးကြိမ်ဖြစ်ပွားခဲ့ရာ အီရတ်ပြည်သူ ၁၂၈ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၄၅၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ပထမဗုံးခွဲတိုက်ခိုက်မှုမှာ ဘဏ္ဍာရေးဝန်ကြီးဌာနရုံးအနီး၌ ဖြစ်ပွားခဲ့ကြောင်း၊ ဒုတိယ ဗုံးခွဲတိုက်ခိုက်မှုမှာ ပြည်ထဲရေးဝန်ကြီးဌာနရုံးအနီး၌ဖြစ်ပွားခဲ့ပြီး တတိယ ဗုံးခွဲတိုက်ခိုက်မှုမှာ တက္ကသိုလ်အနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ စတုတ္ထဗုံးခွဲတိုက်ခိုက်မှုမှာ အလုပ်သမားနှင့်လူမှုဝန်ထမ်းဝန်ကြီးဌာနရုံးအနီးရှိ မီနီဘတ်စ်ကားတစ်စီးပေါ်မှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ စောစောပိုင်းကလည်း ရဲတပ်ဖွဲ့ဝင်များအား အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဘဏ္ဍာရေးဝန်ကြီးဌာနရုံးအနီး၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကိုတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးအဖွဲ့က ရှင်းလင်းရေး ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အာဖဂန်၌အကြမ်းဖက်မှု ပိုမိုပြင်းထန် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ကန္ဒါဟာ ဒီဇင်ဘာ ၉

အာဖဂန်နစ္စတန်နိုင်ငံ နူရီစတန်ပြည်နယ်တောင်ပိုင်း၌ ဒီဇင်ဘာ ၆ရက်က မိုင်းဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ယင်းသေဆုံးမှုသည် သမ္မတဘားရက်အိုဘားမား၏ အာဖဂန်ဆိုင်ရာမဟာဗျူဟာသစ်ဖြစ်သည့် အမေရိကန်တပ်ဖွဲ့ဝင် သုံးသောင်းကျော် ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီးနောက် ပထမဦးဆုံးသေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်ကြောင်း အဆိုပါသတင်း၌ပါရှိသည်။

ပိုမိုပြင်းထန်

အာဖဂန်စစ်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့နှင့် နိုင်ငံစုံတပ်ဖွဲ့ဝင်များ ၁၁၀၀၀၀ ခန့် ဖြန့်ကြက်ချထားသည့်ကြားမှပင် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လျက်ရှိသည်။

တိုက်ခိုက်

ယင်းနိုင်ငံ ဟယ်လ်မန့်ပြည်နယ်၌ လွန်ခဲ့သည့် ရက်အနည်းငယ်က တာလီဘန်စစ်သွေးကြွများအား အမေရိကန်တပ်ဖွဲ့မှ မြေပြင်နှင့် ဝေဟင်မှ တိုက်ခိုက်ခဲ့သည်။ **(အင်တာနက်)**

အာဖဂန်၌ တာလီဘန် နှိမ်နင်းရေးစစ်ဆင်

ကဘူးလ် ဒီဇင်ဘာ ၉

အမေရိကန်အစိုးရ၏ အာဖဂန်နစ္စတန်ဆိုင်ရာ မဟာဗျူဟာသစ်ကို ထုတ်ပြန်ကြေညာခဲ့ပြီးနောက်ပိုင်းတွင် အာဖဂန်အမျိုးသားတပ်မတော် (အေအင်န်အေ)နှင့် အမေရိကန်မရိန်းတပ်ဖွဲ့များသည် ဒီဇင်ဘာ ၄ ရက်မှစတင်ကာ တာလီဘန်နှိမ်နင်းမှုစစ်ဆင်ရေးကို ပိုမိုအရှိန်မြှင့်ကာ ဆောင်ရွက်လျက်ရှိသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။

စတင်

အဆိုပါ စစ်ဆင်ရေးကို တာလီဘန်တို့စုဝေးရာ နယ်မြေဖြစ်သော အာဖဂန်တောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်၌ စတင်သည်ဟုဆိုသည်။

သေဆုံး

ဟယ်လ်မန့်ပြည်နယ် အတွင်းရှိ ကျေးရွာသုံးရွာ၌ စစ်ဆင်ရေး ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် အဆိုပါစစ်ဆင်ရေးအတွင်း စစ်သွေးကြွလေးဦး သေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ လောင်မန့်ပြည်နယ်၌ အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် အရပ်သားများအား ဒီဇင်ဘာ ၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၃၅၀ အာဖဂန်နစ္စတန်သို့ စေလွှတ်မည်

ဆိုးလ် ဒီဇင်ဘာ ၉

အာဖဂန်နစ္စတန် ပြန်လည်တည်ဆောက်ရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံသို့ လာမည့်နှစ်နှစ်ခွဲအတွက် တပ်ဖွဲ့ဝင် ၃၅၀ ဖြန့်ကြက်မည့်အစီအစဉ်ကို တောင်ကိုရီးယားနိုင်ငံက အပြီးသတ်ရေးဆွဲထားပြီဖြစ်ကြောင်း ဒီဇင်ဘာ ၈ရက်က ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၏ ပြည်နယ်ပြန်လည်တည်ဆောက်ရေးအဖွဲ့ (ပီအာရ်တီ)ကို အကာအကွယ်ပေးနိုင်ရေးအတွက် ကဘူးလ်မြို့မြောက်ဘက် ပါဝန်ပြည်နယ်သို့ တပ်ဖွဲ့ဝင် အများဆုံး ၃၅၀အထိ စေလွှတ်ရန် တောင်ကိုရီးယားအစိုးရက စီစဉ်ထားကြောင်း တောင်ကိုရီးယား အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

တာဝန်ယူ

တောင်ကိုရီးယားတပ်ဖွဲ့သည် ပီအာရ်တီ အခြေစိုက်စခန်းကို ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။ တောင်ကိုရီးယားတပ်ဖွဲ့သည် ခြောက်လတစ်ကြိမ် လဲလှယ်တာဝန်ယူရမည်ဖြစ်ကြောင်းလည်း ထည့်သွင်းဖော်ပြထားသည်။ ယင်းတပ်ဖွဲ့များ ချထားရေးကိစ္စကို ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌက တာဝန်ယူရမည်ဖြစ်ကြောင်း၊ ယင်းတပ်ဖွဲ့တွင် ရဟတ်ယာဉ်များ၊ သံချပ်ကာကားများနှင့်မောင်းသူမဲ့ ထောက်လှမ်းရေးလေယာဉ်များ ပါဝင်မည်ဖြစ်ကြောင်းလည်း သိရသည်။ **(အင်တာနက်)**

အီရတ်-အာဖဂန် သတင်းများ

ပါကစ္စတန်၌ အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက် အရပ်သားသုံးဦးသေဆုံး

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဒီဇင်ဘာ ၉ရက် နံနက်ပိုင်းက အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်မှ တိုက်ခိုက်မှုကြောင့် သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ထိမှန်

အာဖဂန်နစ္စတန်နှင့် နယ်စပ်ဖြစ်သည့် အနောက်ဝါဇီရစ္စတန်ပြည်နယ် မီရန်ရှာမြို့မှ ၁၂ကီလိုမီတာအကွာရှိ ကျေးရွာတွင် ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကားတစ်စီးထိမှန်ကာ သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း လုံခြုံရေးအရာရှိများက ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ပေါက်ကွဲမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ မူလ်တန်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အဆောက်အအုံကို ဒီဇင်ဘာ ၈ ရက်ကတွေ့ရစဉ်။(သတင်းဖော်ပြပြီး)
(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ အမေရိကန်တို့၏ တိုက်ခိုက်မှု ဒေသခံအရပ်သား ၁၂ဦးသေဆုံး

ကဘူးလ် ဒီဇင်ဘာ ၉

အာဖဂန်နစ္စတန်နိုင်ငံ လောင်မန့်ပြည်နယ်အရှေ့ပိုင်း မီတာလမ်ဒေသ၌ ဒီဇင်ဘာ ၇ရက် ညပိုင်းက အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သား ၁၂ဦး သေဆုံးကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်ကို မီဒီယာက သတင်းထုတ်ပြန်သည်။

ထုတ်ပြန်ကြေညာ

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အတွက် ပစ်ခတ်ခြင်းဖြစ်သည်ကို ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။ အလားတူ အမေရိကန်စစ်ဘက်ဆိုင်ရာကလည်း ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဒီဇင်ဘာ ၉

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၉ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၉၆၆၄ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၂၈၆၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၉၆၆၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၂၈၆၄ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဒီဇင်ဘာ ၉

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၉ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၃၈၁ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၈၀၈၃ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၃၈၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၀၈၃ ဦး

(အင်တာနက်)

မူးယစ်ဆေးဝါး ကီလိုဂရမ် ၂၅၀၀ ကျော် အီရန်နယ်စပ်တွင် သိမ်းဆည်းရမိ

တီဟီရန် ဒီဇင်ဘာ ၉

အီရန်နိုင်ငံအရှေ့တောင်ပိုင်း စစ္စတန်နှင့် ဘာလူချစ္စတန်ပြည်နယ်တို့တွင် ဆာရာဗန်နယ်စပ်ရဲတပ်ဖွဲ့နှင့် ပါကစ္စတန်နိုင်ငံမှနေ၍ ဆာရာဗန်နယ်စပ်သို့ မူးယစ်ဆေးဝါးများ ခိုးသွင်းလာသော မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများ တိုက်ပွဲဖြစ်ပွားပြီးနောက် အီရန်ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးကီလိုဂရမ် ၂၅၀၀ ကျော် သိမ်းဆည်းရမိကြောင်း ဆာရာဗန်နယ်စပ်ရဲမှူးကြီး ဗိုလ်မှူးကြီးယူဆီဖီက ပြောကြားသည်။

ထွက်ပြေး

တိုက်ပွဲအပြီးတွင် အဆိုပါမှောင်ခိုရောင်းဝယ်ရေးသမားများသည် မူးယစ်ဆေးဝါးများကို ပစ်ချထားခဲ့ပြီး ပါကစ္စတန်နယ်မြေအတွင်းသို့ ထွက်ပြေးသွားသည်ဟုလည်း အဆိုပါရဲမှူးကြီးက ပြောကြားသည်။

တွေ့ရှိ

မူးယစ်ဆေးမှောင်ခိုရောင်းဝယ်သူများ ထွက်ပြေးသွားပြီးနောက် မူးယစ်ဆေးဝါးများ တွေ့ရှိရကြောင်းဖြင့် အဆိုပါရဲမှူးကြီးက ပြောကြားသည်။

ဆာရာဗန်မြို့သည် စစ္စတန်နှင့် ဘာလူချစ္စတန်ပြည်နယ်အတွင်း၌ရှိပြီး ပါကစ္စတန်နှင့် နီးသော နိုင်ငံတကာနယ်စပ်တွင် တည်ရှိသည်။ **(အင်တာနက်)**

ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့အနီးတွင် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားသည်ကို ဒီဇင်ဘာ ၈ရက်က တွေ့ရစဉ်။ (ယင်းဖြစ်ပွားမှုကြောင့် သုံးဦးသေဆုံးခဲ့သည်။) (အင်တာနက်ဓာတ်ပုံ)

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတွင် အီးယူနှင့် အမေရိကန်တို့ သဘောထားကွဲလွဲ

ကိုပင်ဟေဂင် ဒီဇင်ဘာ ၉

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ရက်သတ္တနှစ်ပတ်ကြာ ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာဆွေးနွေးပွဲ၌ ကျိုတိုသဘောတူစာချုပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖွံ့ဖြိုးဆဲနိုင်ငံများက တညီတညွတ်တည်း ပြောကြားနေကြစဉ် ဥရောပသမဂ္ဂ(အီးယူ)နှင့် အမေရိကန်ပြည်ထောင်စုတို့ကမူ ပေါ်ထွက်လာသင့်သည့် ဆုံးဖြတ်ချက်များအပေါ် သဘောထားချင်း ကွဲလွဲနေကြသည်ဟု သိရသည်။

ကျိုတိုသဘောတူစာချုပ်အရ ဖွံ့ဖြိုးပြီး နိုင်ငံများက ဆောင်ရွက်ရမည့်တာဝန်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း အလားတူ တာဝန်ယူမှုတို့ကို ပေါင်းစပ်ပေးမည့် နောက်ထပ် တရားဝင်သဘောတူစာချုပ် ချုပ်ဆိုရေး ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ရည်မှန်းချက်ကို ဖွံ့ဖြိုးဆဲနိုင်ငံများက လက်မခံကြောင်း ဆူဒန်ကိုယ်စားလှယ် သံအမတ်ကြီး အီဘရာဟင် မီယာဂါနီအီဘရာဟင်က ပြောကြားသည်။

စုံညီအစည်းအဝေး

ဆူဒန်ကိုယ်စားလှယ် အီဘရာဟင် မီယာဂါနီအီဘရာဟင်က ၇၇နိုင်ငံ အုပ်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကိုယ်စား အဆိုပါကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ စုံညီအစည်းအဝေး ဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ် ယင်းကဲ့သို့ ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

(အင်တာနက်)

အီဂျစ်၌ A(H1N1) ရောဂါဖြင့် ၃၄ ဦး သေဆုံး

ကိုင်ရို ဒီဇင်ဘာ ၉

အီဂျစ်နိုင်ငံတွင် ဒီဇင်ဘာ ၉ ရက်က A(H1N1) တုပ်ကွေးရောဂါဖြင့် နှစ်ဦး ထပ်မံသေဆုံးခဲ့သဖြင့် အဆိုပါရောဂါဖြင့် သေဆုံးသူ ၃၄ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း အီဂျစ်မီနာသတင်းဌာနက ထုတ်လွှင့်သည်။

ကူးစက်

အီဂျစ်၌ ယခုအချိန်အထိ A(H1N1) တုပ်ကွေးကူးစက်ခံရသူ စုစုပေါင်း ၃၈၅၅ ဦးရှိပြီဟု သိရသည်။

(အင်တာနက်)

အင်ဒိုနီးရှားရှိ သစ်တောများ ပြန်လည်ထူထောင်မည်

ဂျကာတာ ဒီဇင်ဘာ ၉

အင်ဒိုနီးရှား သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် လာမည့် ၂၀၁၀ခုနှစ်အရောက်တွင် သစ်တောဟက်တာငါးသိန်းကို သစ်ပင်များ ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကွန်ပတ်စ်နေ့စဉ်ထုတ်သတင်းစာက ဒီဇင်ဘာ ၇ရက်၌ သတင်းထုတ်ပြန်သည်။

ပြန်လည်ထူထောင်

ဂျာဗားပြည်နယ်အလယ်ပိုင်းရှိ မီရာပီတောင်တန်းတစ်လျှောက် သစ်တောပြန်လည်ထူထောင်ရေးကို လုပ်ဆောင်ရန် မိမိတို့ဌာနအနေဖြင့် စီစဉ်ထားပါကြောင်း သစ်တောရေးရာဝန်ကြီးဌာန တာဝန်ရှိသူ ဒါဂိုရီက ပြောကြားသည်။ *(အင်တာနက်)*

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - ရေးသားပြုစုသည်

ကာဇက်စတန်နှင့် တာ့ခ်မင်နစ္စတန်သို့ တရုတ်သမ္မတ အလည်အပတ်ခရီးသွားရောက်မည်

တရုတ်သမ္မတ ဟူကျင်ထောင်းသည် ကာဇက်စတန်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံများသို့ ဒီဇင်ဘာ ၁၂ရက်မှ၁၄ရက်အထိ ချစ်ကြည်ရေးအလည်အပတ်ခရီး ထွက်မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ဒီဇင်ဘာ ၉ရက်၌ သတင်းထုတ်ပြန်သည်။

မက္ကဆီကိုမြောက်ပိုင်း၌ ရေလွှမ်း၍ နှစ်ဦးသေဆုံး

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ရှိဆာရီတိုမြို့တွင် ဒီဇင်ဘာ ၉ရက် နံနက်က မိုးသည်းထန်ပြီး ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးခဲ့ကြောင်း မက္ကဆီကိုအရာရှိများက ပြောကြားသည်။ *(အောက်ပုံ)*

ဓာတ်ငွေ့ရောင်းနိုင်ငံများ ဝန်ကြီးများအဆင့်ဖိုရမ် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပ

ဓာတ်ငွေ့ရောင်းနိုင်ငံများ၏ (၉)ကြိမ်မြောက် ဝန်ကြီးများအဆင့်ဖိုရမ်ကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ဒီဇင်ဘာ ၉ရက်မှစတင်ကာ ကျင်းပလျက်ရှိကြောင်း ကာတာအရာရှိများက သတင်းထုတ်ပြန်သည်။ *(အပေါ်ပုံ)*

အီရန်ငါးဖမ်းသင်္ဘောတစ်စင်းအား အပိုင်စီးရန်ကြံစည်မှု နှိမ်နင်းခဲ့

ဆိုမာလီယာနိုင်ငံကမ်းလွန်တွင် အီရန်ငါးဖမ်းသင်္ဘောတစ်စင်းကို အပိုင်စီးရန် ကြံစည်သော ပင်လယ်ဓားပြများအား နှိမ်နင်းနိုင်ခဲ့ကြောင်း အီရန်အရာရှိများက ဒီဇင်ဘာ ၉ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်းနေ

ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးများကျဆင်းလျက်ရှိရာ ဂျပန်ဈေးကွက်၌ ဒီဇင်ဘာ၉ရက် ဈေးပိတ်ချိန်တွင် ဂျပန်ယန်းငွေ ၈၈ယန်းလျှင် အမေရိကန်တစ်ဒေါ်လာ ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ဆေးလိပ်သောက်သုံးမှု တားမြစ်မည်

တောင်ကိုရီးယားနိုင်ငံတစ်ဝန်းတွင် လာမည့် ၂၀၁၁ခုနှစ်၌ ဆေးလိပ်သောက်သုံးမှုကို ပိတ်ပင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ဆေးလိပ်သောက်သုံးသူဦးရေ မြင့်တက်နေ၍ဖြစ်ကြောင်း တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၉ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်းနေ

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ ဒီဇင်ဘာ ၉ရက် ဈေးပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၃၀ဒသမ၇၂ဒေါ်လာဖြစ်ခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မြောက်ဘက် မိုင်၈၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဒီဇင်ဘာ ၉ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ အိမ်သုံးလုံးပျက်စီးပြီး နှစ်ဦးသေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

(အင်တာနက်)

✱ ရွှေဖုံးမှ

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် အဖွဲ့ချုပ်အောက်ရှိ ညီနောင် အသင်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူအသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားကြပြီး အသင်းအတွင်းရေးမှူးက နှစ်ပတ်လည်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြား၍ အတည်ပြုချက် ရယူသည်။

ဆုချီးမြှင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆုရရှိကြသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 အစီအစဉ်

၁၀-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ဓမ္မဂီတ
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အဂ္ဂဝစ္ဆသုတ်** (ဆရာတော်အရှင်ဇဋိလ)
- ၆:၄၅ ရှင်တော်မဟာမုနိ····ဘဂဝါပူဇေမိ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်းကွင်းကျယ် (MAXXIS Tires) (၈)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ**(အပိုင်း-၂၂)
- ၈:၃၀ Sports World [Timber Sport (Part-2)]
- ၈:၅၅ **မက်မဆုံးတဲ့ ပြက်လုံးများ** ဆိုနီ၊ မိုးကျော်၊ ဆုဝေလွင်
- ၉:၁၅ Activities in the City မိုးယံရွှေလမင်းနှင့်မြတ်ဆုကုဋေ၏ သီချင်း (၁၀၀၀)ကံထူးရှင်ဂုဏ်ပြုပွဲ
- ၉:၃၀ Fashion Talk (Hip Hop Fashion)
- ၁၀:၀၀ အနိုင်းမရှိမေတ္တာဂုဏ်ရည်ချီးကျူး ဂုဏ်ပြုပါသည်
- ၁၀:၂၀ ရွှေစံအိမ်တည်ရှိရာ Aureum Resort
- ၁၀:၅၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-သီရိဆွေ)
- ၁၁:၁၅ စာအုပ်စာပေလူ့မိတ်ဆွေ (ဒေါက်တာ ဒဂုန်ခင်သဇင်)(အပိုင်း-၁)
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၅၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Dog City)
- ၁၂:၁၀ ထူးထွေဆန်းပြား အနုပညာကျွမ်းဘား
- ၁၂:၂၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဗိုင်းရပ်စ်ရိုက်ကွင်းအမှတ်တရ**
- ၁၂:၄၅ တက္ကစီမီတာ သင်လိုရာ ဖေယျာ၊ ရိုတ၊ ပန်းအိခိုင် (ဒါရိုက်တာ-ဇာဏီထက်လင်း)
- ၁:၀၀ **အဂ္ဂဝစ္ဆသုတ်** (ဆရာတော်အရှင်ဇဋိလ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၃၀ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံး ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **(မြန်မာနှင့် အင်ဒိုနီးရှား)**
- ၄:၂၅ Fashion Music Festival [Hair Fashion (1)]
- ၅:၀၀ ရွှေစံအိမ်တည်ရှိရာ Aureum Resort
- ၅:၃၀ MRTV -4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ၄၀၊)
- ၆:၄၀ ရန်ကုန်မြင်းကွင်းကျယ် (MAXXIS Tires) (၈)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား
- ၆:၅၅ Fashion Music Festival [Hair Fashion (1)]
- ၇:၃၅ Box Office Movies (Watch Men)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ **မက်မဆုံးတဲ့ ပြက်လုံးများ** ဆိုနီ၊ မိုးကျော်၊ ဆုဝေလွင်
- ၈:၅၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Dog City)
- ၉:၀၅ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ**(အပိုင်း-၂၂)
- ၁၀:၀၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-သီရိဆွေ)
- ၁၀:၂၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ၄၀၊)
- ၁၀:၄၀ Box Office Movies (Watch Men)
- ၁၁:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဗိုင်းရပ်စ်ရိုက်ကွင်းအမှတ်တရ**
- ၁၁:၂၀ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း
- ၁၁:၃၀ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဥယျာဉ်ကမ္ဘာ
- ၁၁:၄၅ တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
- ၁၁:၅၅ ကဏ္ဍာစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHFတီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

■ ရွှေဖုံးမှ

စိုက်ပျိုးမှု အားမာန်အလှ လယ်ယာလုပ်ငန်းခွင် မြင်ကွင်းများကို ပြည်သူများထံ ပြန်လည် သတင်းစကားလက်ဆောင်ပါးရန်အတွက် နိုဝင်ဘာ ၂၇ရက်က နွေစပါး အောင်မြေဒေသများဆီသို့ သတင်းခရီး သွားရောက်ခဲ့ခြင်း ဖြစ်သည်။

စပါးလှိုင်လှိုင်

အေးကမ္ဘာသည် နွေစပါးအောင်မြေဒေသတစ်ခုဖြစ်သော ဖိုးတီလွတ်ကျေးရွာသို့ ဦးတည်ခုတ်မောင်းခဲ့သည်။ လမ်းခရီးတစ်လျှောက် လယ်ယာကွင်းပြင်တို့တွင် ရွှေဝါရောင်ဝင်းမှည့်နေသည့် မိုးစပါးများကို လှိုင်လှိုင်ရိတ်သိမ်းနေသည့် မြင်ကွင်းများ၊ ရိတ်သိမ်းပြီးကောက်

"နွေစပါးက အချိန်မီ၊ အခါမီ ထွန်ယက်စိုက်ပျိုးရင် အထွက်နှုန်းစိတ်ချရပါတယ်။"

ဦးကြည်စိုး
ဖိုးတီလွတ်-ဝဲဒေါင့်ကျေးရွာ။

လှိုင်းစည်းများကို အစုအဖွဲ့ဖြင့် စုပေါင်းသယ်ယူနေသည့် မြင်ကွင်းများနှင့် နွားလှည်းတို့ဖြင့် သယ်ယူနေသည့် မြင်ကွင်းများကို အားရစဖွယ်တွေ့မြင်ခဲ့ရသည်။ မကြာမီရက်အတွင်း စပါးလှိုင်လှိုင်ပေါ်တော့မည်။ နိုင်ငံတစ်ဝန်း စပါးကောက်နံ့ ပြည့်လျှံ ဖြိုးမောက်ဝေဆာတော့မည်သာ ဖြစ်ပါသည်။

တစ်နာရီခန့် ခုတ်မောင်းပြီး သောအခါ ကျွန်းချောင်းကျေးရွာ တစ်ဖက်ကမ်းရှိ ဖိုးတီလွတ်ကျေးရွာကို လှမ်းမြင်နေရသည်။ ဖိုးတီလွတ်ကျေးရွာအုပ်စုတွင် အိမ်ခြေ ၃၄၈အိမ်ရှိပြီး လူဦးရေ ၁၅၆၂ဦး နေထိုင်ကြသည်။ ယခုနှစ် မိုးစပါးရာသီက မိုးစပါး ၁၁၀၂ဧက စိုက်ပျိုးခဲ့ပြီး ယခု နွေစပါးရာသီချိန်တွင် ဧက ၇၅၀ စိုက်ပျိုးသွားမည်ဖြစ်သည်။

နိုးကြားတက်ကြွ

ဖိုးတီလွတ်ချောင်းက အကွေ့အကောက်များသည်။ ချောင်းအတွင်းသို့ လှမ်းဝင်လိုက်သောအခါ နွေစပါးထွန်ရေးဝင်နေသော လက်တွန်းထွန်စက် စက်သံတို့ကို ကြားနေရသည်။ အုပ်စုအတွင်း ပါဝင်သည့် ဝဲဒေါင့်၊ ကျုံလတာ၊ ကနီ၊ တက်ဆိတ်နှင့် မြင်းကကုန်းကျေးရွာတို့တွင်လည်း နွေစပါးထွန်ရေးဝင်နေကြပြီဟု သိရသည်။ နိုးကြားတက်ကြွ အားမာန်ပြသည့် ကျေးရွာအုပ်စုပင် ဖြစ်ပါသည်။

သတင်းအဖွဲ့မှာ ဖိုးတီလွတ်ကျေးရွာ တစ်ဖက်ကမ်း ဝဲဒေါင့်ကျေးရွာပေါ်သို့ လှမ်းတက်လိုက်သောအခါ နွေစပါးစိုက်ရန် မြေပြင်ထားသော တစ်မျှော်တစ်ခေါ် မြင်ကွင်းကျယ် လယ်ယာစိုက်ကွင်းများကို တွေ့မြင်လိုက်ရသည်။ အချို့လယ်ယာ စိုက်ကွင်းတို့တွင် နွေစပါးစိုက်ရန် လက်တွန်းထွန်စက်ဖြင့် ထွန်ယက်နေကြ သည်။ အချို့လယ်ယာ စိုက်ကွင်းတို့တွင်မူ မျိုးကြဲစိုက်ပျိုးနေကြပြီဖြစ်သည်။ တက်ညီလက်ညီ ရှိလှပေသည်။

သတင်းအဖွဲ့မှာ သိလိုသည်များကို ဖိုးတီလွတ်ကျေးရွာအုပ်စု ဥက္ကဋ္ဌထံ မေးမြန်းခဲ့ရာ "ကျွန်တော်တို့ ကျေးရွာအုပ်စုမှာ လက်တွန်းထွန်စက် အစီး ၃၀၊ ခြွေလှေ့စက် ၁၀လုံး၊ ရေစုပ်စက် ၂၂လုံးနဲ့ အနိမ့်ရေတင်စက် ၁၀လုံးရှိပါတယ်။ ဖိုးတီလွတ်တောင်သူလယ်သမားတွေဟာ ဖွဲ့၊ လုံ့လမသေးကြပါဘူး။ နွေစပါးပန်းတိုင် အထွက်နှုန်း တင်း ၁၀၀ထွက်ရှိအောင် ရည်မှန်းထားကြပါတယ်။ အခုသတင်းအဖွဲ့ မြင်ရတဲ့အတိုင်းပါပဲ၊ အုပ်စုတော်တော်များများမှာ နွေစပါး မစိုက်နိုင်ကြသေးပါဘူး။ မိုးစပါး ရိတ်သိမ်းဆဲ ရှိနေကြပါသေးတယ်။ ကျွန်တော်တို့အုပ်စုက တောင်သူလယ်သမားတွေကတော့ နွေစပါး စောစောစိုက်ရင် မိုးလွတ်လေလွတ်ရိတ်သိမ်းရလို့ အထွက်နှုန်းပိုမှန်း သိကြပါတယ်။ ဒါ့ကြောင့်မလို့ နွေစပါးကို စောစောစိုက်ကြတာပါ" ဟု ရှင်းလင်းပြောပြသည်။

ယခင်က ဖိုးတီလွတ်ကို လူသိမများလှချေ။ လွန်ခဲ့သော ငါးနှစ်ခန့်မှစပြီး ဖိုးတီလွတ်ကျေးရွာ တောင်သူလယ်သမားများသည် မော်လမြိုင်ကျွန်းမြို့နယ် နွေစပါးအောင်မြေဒေသများဖြစ်သော တံခွန်တိုင်ကြီး၊ ထီတိုလို၊ မှန်ကူကနစိုချောင်း၊ သပြေချောင်း၊ လပွတ်ကွဲနှုံးတန်းနှင့် မရဲ့အုန်းပင်စုကျေးရွာများသို့ သွားရောက်လေ့လာခဲ့ကြရာ နွေစပါးစိုက်ပျိုးသော တောင်သူလယ်သမားတိုင်း လူနေမှုအခြေမြင့် အသွင်တင့်သွားကြသည်ကို မျက်မြင်ကိုယ်တွေ့ သိမြင်ခဲ့ကြသည်။ နွေစပါးစိုက်ပျိုးစနစ် ဆင့်ပွားသင်ယူကာ လက်တွေ့ပြန်လည်စိုက်ပျိုးခဲ့ကြသည်။

ဝင်ငွေတိုးပွား

တစ်ကယ်လည်း နွေစပါးဖြစ်ထွန်းအောင်မြင်သည်။ မိုးစပါးထက်လည်း

"နွေစပါး စိုက်ပျိုးကြမယ့် တောင်သူလယ်သမားများကို ပြောချင်တာကတော့ စောစောစိုက်လို့ စောစောရိတ်လို့ အထွက်နှုန်းတိုးအောင် ကြိုးစားကြပါစို့လို့သာ ပြောချင်ပါတယ်။"

ဦးစိန်မြင့်
ထန်းညီနောင်တဲချောင်းကျေးရွာ။

အထွက်နှုန်းပိုသည်။ လုပ်ငန်းခွင်လည်း သာယာသည်။ ဝင်ငွေတိုးပွား အကျိုးများသည်။ နွေစပါးအရသာကို ဖိုးတီလွတ်သားတို့ ကောင်းကောင်းသိရှိကြပြီဖြစ်သည်။ ထို့ကြောင့်လည်း ရာသီချိန်ကျလာပြီဆိုလျှင် နွေစပါးကို မစိုက်ဘဲမနေနိုင်။ နွေစပါးကို တစ်ကွက်ပေါ် တစ်ကွက်စိုက် စနစ်ဖြင့် အားချင်းမြေပြင်၊ အားချင်းထွန်ယက်၊ အားချင်းမျိုးကြဲ စိုက်ပျိုးကြသည်။

ကျော်ကြား

ဤသို့ စွမ်းဆောင်ကြိုးပမ်းမှုကြောင့် ဖိုးတီလွတ်သားတို့၏ ဂုဏ်သတင်းမှာ ပျံ့သင်းလာသည်။ ဖိုးတီလွတ်မှာ နွေစပါးဖြင့် နာမည်ရလာသည်။ ကျော်ကြားလာရခြင်း ဖြစ်ပါသည်။

ယခုအခါ စက်မှုလယ်ယာ ခေတ်ဆီသို့ ရှေးရှုလှမ်းချီလျက် ရှိနေပြီဖြစ်ရာ နေရာတကာတွင် စက်စွမ်းအားတို့ကသာ လွှမ်းမိုးနေရာယူလာသည်။ လယ်မြေဧကများများကို အချိန်မီ၊ အခါမီ ပြီးစီးနိုင်ရန်မှာ လယ်ယာသုံးစက်ကိရိယာ အစွမ်းဖြင့်သာ ပြီးစီးအောင်မြင်နိုင်ပါသည်။

လယ်ယာသုံးကိရိယာ

ဤသို့ဖြင့် စက်စွမ်းအား၏ သဘောသဘာဝကို ဖိုးတီလွတ်သားတို့ ကောင်းကောင်း သိရှိကြသည်။ ထို့ကြောင့်လည်း ယခုနှစ်မိုးစပါးမှ ရရှိသောဝင်ငွေများကို လယ်ယာသုံးစက်ကိရိယာများ ထပ်မံဝယ်ယူမည်ဟု သတင်းစကား ကြားသိခဲ့ရပေသည်။

သတင်းအဖွဲ့မှာ ဝဲဒေါင့်ကျေးရွာ နွေစပါးစိုက်ပျိုးမှု လုပ်ငန်းခွင်များအတွင်း လှည့်လည်ကြည့်ရှုလေ့လာရင်း နွေစပါးကွင်းအတွင်းရောက်ရှိနေသော စံပြတောင်သူလယ်သမား ဦးကြည်စိုးနှင့် နွေစပါးစိုက်ပျိုးမှုလုပ်ငန်းများအကြောင်း တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်က လယ်လုပ်သက် နှစ် ၂၀ ကျော်ပါပြီ။ မိုးစပါး ၁၂ ဧက ရိတ်သိမ်းပြီးစီးသွားပါပြီ။ အခုဆိုရင် ရိတ်သိမ်းပြီးစီးသွားတဲ့ ကျွန်တော် လယ်မြေတွေထဲမှာ နွေစပါး ၁၂ ဧက ပြန်လည်စိုက်ပျိုးသွားမှာပါ။ နွေစပါးက အချိန်မီ၊ အခါမီ ထွန်ယက်စိုက်ပျိုးရင် အထွက်နှုန်းစိတ်ချရပါတယ်။ ဒီနှစ်တော့ နွေစပါးပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ထွက်ဖို့ ရည်မှန်းထားပါတယ်။ ကျွန်တော့်မှာ အခုဆိုရင် လက်တွန်းထွန်စက်တစ်စီး၊ ရေစုပ်စက်တစ်လုံးရှိပါတယ်။ အခု မိုးစပါးကရတဲ့ ဝင်ငွေနဲ့ လယ်ယာသုံးစက်ကိရိယာတွေ ထပ်မံဝယ်ယူသွားဖို့ အစီအစဉ်ရှိပါတယ်" ဟု အားပါးတရ ရှင်းလင်းပြောပြသည်။

မြွေစိမ်းချောင်းကျေးရွာ တောင်သူလယ်သမား ဦးဌေးမြင့်၏ လယ်မြေတွင် နွေစပါးစိုက်ပျိုးရန် လက်တွန်းထွန်စက်ဖြင့် ထွန်ယက်နေသည်ကို ဤသို့ တွေ့ခဲ့ရသည်။ (သတင်းစဉ်)

ထို့နောက် သတင်းအဖွဲ့သည် ဝဲဒေါင့်ကျေးရွာပြည်သူများကို လက်ပြနှုတ်ဆက်ပြီး ကွမ်းခြံကုန်း ကျေးရွာအုပ်စု မြွေစိမ်းချောင်းကျေးရွာသို့ အေးကမ္ဘာပဲ့ထောင်ရေယာဉ်ဖြင့် သတင်းခရီးဆက်ခဲ့သည်။ ပဲ့ထောင်ရေယာဉ်ပေါ်တွင် သတင်းအဖွဲ့နှင့် အတူလိုက်ပါလာသော မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်ကျော်လှိုင်၊ ဒုတိယမန်နေဂျာ ဦးသန့်ဇင်တို့နှင့် မော်လမြိုင်ကျွန်းမြို့နယ်၏ နွေစပါးစိုက်ပျိုးရေးသတင်းစကား မေးမြန်းခဲ့ရာ "မော်လမြိုင်ကျွန်းမြို့နယ်ရဲ့ နွေစပါးစိုက်ပျိုးမှုကတော့ မနှစ်က တစ်မြို့နယ်လုံးမှာ နွေစပါး ဧက ၈၉၁၀၀ စိုက်ပျိုးခဲ့ပြီး ယခုနှစ် နွေစပါးရာသီမှာတော့ ဧက ၉၃၅၀၀ အထိ စိုက်ပျိုးသွားဖို့ လျာထားသတ်မှတ်ထားပါတယ်။ တစ်မြို့နယ်လုံး နွေစပါးအပြည့်အဝ စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ စိုက်ကြပ်အဖွဲ့ဝင်များနဲ့ နယ်မြေများခွဲပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိနေပါတယ်" ဟု ရှင်းလင်းပြောပြကြသည်။

အေးကမ္ဘာသည် သူ့တာဝန်အတိုင်း ခရီးနှင်ခဲ့ရာ မြွေစိမ်းချောင်းသို့ မွန်းတည့် ၁၂နာရီတွင် ရောက်ရှိကြသည်။ ခရီးရောက်မဆိုက်ပင် စံပြတောင်သူလယ်သမား ဦးဌေးမြင့်က နှုတ်ဆက်စကား ဆိုသည်။

ထို့နောက် သူက သူ၏ နွေစပါးသတင်းစကားကို သတင်းအဖွဲ့သို့ ဤသို့ပြောပြခဲ့သည်။ "ကျွန်တော်က နှစ်တိုင်းနွေစပါး စိုက်ပါတယ်။ ဒီနှစ်လည်းနွေစပါး ဧက ၂၀ အထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အခုဆိုရင် သတင်းအဖွဲ့မြင်ရတဲ့အတိုင်း မိုးစပါးရိတ်သိမ်းပြီးတဲ့ လယ်မြေတွေကို လက်တွန်းထွန်စက်နဲ့ ထွန်ယက်နေပါပြီ။ နိုးကြားကြိုးစားပြီး လယ်ယာမြေအလုပ်ကို ကြိုးပမ်းဆောင်ရွက်တဲ့ တောင်သူလယ်သမားတိုင်းကို လယ်ယာမြေက ပြန်လည်အကျိုးပြုပါတယ်။ ကျွန်တော်ဆိုရင် နွေစပါးကျေးဇူးကြောင့် လူနေမှုဘဝပြောင်းလဲ တိုးတက်သွားပါပြီ" ဟု ရှင်းလင်းပြောပြသည်။

လုပ်အားအလှ

နွေစပါးအောင်မြေဒေသ တစ်ခုဖြစ်သော မြွေစိမ်းချောင်းတစ်ခွင် နွေစပါးမြင်ကွင်းကျယ်တို့တွင် မိုးစပါးရိတ်သိမ်းပြီး လယ်မြေများ၌ နွေစပါးစိုက်ပျိုးရန် လုပ်အားအလှ အားမာန်ပြကာ လက်တွန်းထွန်စက်ဖြင့် ထွန်ယက်နေသည့် မြင်ကွင်းများကို သတင်းအဖွဲ့တွေ့မြင်ခဲ့ရသည်။

သတင်းအဖွဲ့မှာ ထန်းညီနောင်တဲချောင်းကျေးရွာစံပြ တောင်သူလယ်သမား ဦးစိန်မြင့်အား နွေစပါး လုပ်ငန်းခွင်ဝင်နေသော သူ၏လယ်ယာစိုက်ကွင်းအတွင်း သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး မေးမြန်းခဲ့ရာ "ဒီနှစ် ကျွန်တော်စိုက်တဲ့ မိုးစပါးက ဧက ၃၀ပါ၊ အခုမိုးစပါးရိတ်သိမ်း

ဖိုးတီလွတ်-ဝဲဒေါင့်ကျေးရွာတွင် မြေပြင်ထွန်ယက်ပြီးသော လယ်မြေများ၌ ဤသို့ နွေစပါးမျိုးကြဲနေသည်ကို တွေ့ခဲ့ရသည်။ (သတင်းစဉ်)

ပြီးတဲ့ လယ်မြေတွေကို နွေစပါးဧက ၃၀ထပ်မံစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ နှစ်စဉ်နွေစပါး စိုက်တာမို့ နွေစပါးရဲ့အထာကို သိနေပါပြီ၊ နွေစပါးက နေရောင်ခြည်ကိုလဲ ကြိုက်နှစ်သက်တာမို့ နောက်ကျပြီးမှ စိုက်ရင်တော့ မိုးလေမလွတ်ပါဘူး၊ အဖျင်းအမော်လဲ ပါတတ်ပါတယ်။ စပါးအထွက်နှုန်းလည်း ကျဆင်းပါတယ်။ ဒါ့ကြောင့်မလို့ နွေစပါးစိုက်ပျိုးကြမယ့် တောင်သူလယ်သမားများကို ပြောချင်တာကတော့ စောစောစိုက်လို့ စောစောရိတ်လို့ အထွက်နှုန်းတိုးအောင် ကြိုးစားကြပါစို့လို့သာ ပြောချင်ပါတယ်" ဟု အားပါးတရ ရှင်းလင်းပြောပြသည်။

ထန်းညီနောင်တဲချောင်းကျေးရွာမှ ပဲ့ထောင်ရေယာဉ်ထွက်တော့ ညနေ ၄ နာရီခွဲရှိပြီ ဖြစ်သည်။ ဆောင်းတွင်းနေပူရှိန်သည် ညနေပိုင်းအထိ တရှိန်ရှိန်ပူပြင်းနေဆဲပင်။ အားမာန်ကိုမလျှော့သေး။

လယ်ယာကဏ္ဍ

နွေစပါး အောင်မြေဒေသတို့တွင် စာရေးသူတို့ သတင်းအဖွဲ့ တွေ့မြင်ခဲ့ရသော နွေစပါးစိုက် တောင်သူလယ်သမားများ၏ နိုးကြားတက်ကြွသော အားမာန်အလှများသည်ကား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မျက်နှာစာ အတွက် အဖိုးတန်အရေးပါသော အားမာန်အလှများပင်ဖြစ်ပါကြောင်း သတင်းခရီးသည် အဖြစ်ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါကြောင်း။ ။

(သတင်းစဉ်)

အိုင်တီပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် လူငယ်များကို စနစ်တကျ ပြုစုပျိုးထောင်ပေးနေ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၉

နိုင်ငံတကာတွင် အိုင်တီနည်းပညာ အသုံးပြုမှု ရှေ့တန်းရောက်လာသည်။ အိုင်တီနည်းပညာ ဖွံ့ဖြိုးမှုသည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်လျက်ရှိသလို အိုင်တီနည်းပညာ တတ်မြောက်သည့် လူငယ်များအတွက်လည်း ဘဝရပ်တည်မှု ခိုင်မာနေသဖြင့် အိုင်တီနည်းပညာကို သင်ယူလိုသော လူငယ်များ တစ်နေ့တခြား တိုးပွားလာလျက်ရှိသည်။

သင်တန်းမှန်မှန်တက်စေရန် Finger Print System ဖြင့် Roll Call ရယူနေမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ပြုစုပျိုးထောင်

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာနည်းတူ အိုင်တီနည်းပညာ ဖွံ့ဖြိုးရေးနှင့် အိုင်တီပညာရပ်ကို လူငယ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် တတ်မြောက်ရေးကို တွန်းအားပေးလျက်ရှိရာ အိုင်တီပညာရှင်များ ပေါ်ထွက်စေရန် ပြုစုပျိုးထောင်ပေးနေသော ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း(အလယ်) တော့ဖ်တာဝါ ခြောက်လွှာ(အေ)ရှိ Youth Computer Training Center သို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာကာ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ "ကျွန်တော်တို့အနေနဲ့ လူငယ်တွေကို အိုင်တီနည်းပညာနဲ့ အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်အောင်၊ အမှန်တကယ် တတ်မြောက်အောင် စနစ်တကျ သင်ကြားပေးနေပါတယ်။ မြန်မာနိုင်ငံမှာ ကွန်ပျူတာ Network Engineer နဲ့ ဘဝရပ်တည်လိုတဲ့ လူငယ်တွေ အများကြီးရှိနေပြီ၊ ကွန်ပျူတာ Hardware ပညာရပ်၊ Networking ပညာရပ်တွေကို နားလည် တတ်မြောက်ကျွမ်းကျင်ရင် ပြည်ပနိုင်ငံတွေအထိ သွားရောက် လုပ်ကိုင်နိုင်တဲ့ အခွင့်အရေးတွေ ရှိနေပါတယ်။ ဒါကြောင့် လူငယ်တွေကို စေတနာထားပြီး သင်ကြားပေးနေခြင်း ဖြစ်ပါတယ်" ဟု Youth Computer Training Center မှ အမှုဆောင်အရာရှိဖြစ်သူ ဦးဇော်လင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

"Cisco အပိုင်းကို ဆက်တက်ဦး မှာပါ။"
မသန္တာလှမြင့်

လေ့လာသင်ယူမှု

မြန်မာလူငယ်များအနေဖြင့် Network Engineering ကို စိတ်ဝင်စားမှုရှိသကဲ့သို့ ကွန်ပျူတာ Hardware ပညာရပ်ကိုလည်း လေ့လာသင်ယူမှု ပိုမိုများပြားလာလျက်ရှိသည်။ လူငယ်များ ယခုကဲ့သို့ အိုင်တီနည်းပညာပေါ် စိတ်ဝင်စားမှု၊ လေ့လာသင်ယူမှုများခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုလျက်ရှိသည်။

"ကျွန်တော်တို့အနေနဲ့ CCNA၊ Network Engineering Hardware (A+) တန်းခွဲတွေဖွင့်ပြီး လူငယ်တွေကို လုပ်ငန်းခွင်မှာ လက်တွေ့အသုံးချလို့ရအောင် ဂရုတစိုက် သင်ကြားပေးနေပါတယ်။ အခြေခံကစပြီး နားလည်တတ်ကျွမ်းမှ လက်တွေ့လုပ်ငန်းခွင်မှာ အဆင်ပြေမှာမို့ အလေးထားပြီး သင်ကြားပေးနေခြင်း ဖြစ်ပါတယ်"ဟု ဦးဇော်လင်းက ဆက်လက်ရှင်းပြသည်။

စိတ်ဝင်တစား

ထို့နောက် စာသင်ခန်းမများအတွင်း ဝင်ရောက်လေ့လာရာ ကွန်ပျူတာများဖြင့် စိတ်ပါဝင်စားစွာ လေ့လာသင်ယူ နေကြသော လူငယ်များကို တွေ့ရသည်။ လေအေးစက်များ တပ်ဆင်ထားသဖြင့် သင်တန်းသားများ စိတ်အေးချမ်းမြေ့စွာ လေ့လာသင်ယူနိုင်သည်ကို မြင်တွေ့ခံစားရသည်။ စာသင်ခန်းများအတွင်း နောက်ဆုံးပေါ် ကွန်ပျူတာများ၊ ပရိုဂျက်တာများနှင့် အခြားခေတ်မီနည်းပညာသုံး သင်ထောက်ကူပစ္စည်းများကို တွေ့မြင်ရသည်။

စာသင်ခန်းမအတွင်းခေတ်မီကွန်ပျူတာ တစ်လုံးဖြင့် လေ့လာသင်ယူနေသော သင်တန်းသားတစ်ဦးကို တွေ့ဆုံမေးမြန်းရာ " ကျွန်တော့်နာမည်က မောင်သက်လှိုင် ဖြစ်ပါတယ်။ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်က လာရောက် သင်တန်းတက် နေခြင်းပါ။ ကျွန်တော် အဓိက သင်ယူလေ့လာနေတာက Practical A+နဲ့ Network Engineering ဖြစ်ပါတယ်။ ဒီသင်တန်းမှာက စာတွေ့နဲ့ လက်တွေ့ မျှမျှတတနဲ့သင်တဲ့အတွက် အခြေခံကျကျ ပိုပြီး အသေးစိတ်နားလည်ခဲ့ပါတယ်။ လုပ်ငန်းခွင်မှာ တကယ်အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

"လူငယ်တွေကို အိုင်တီပညာရပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်စေဖို့အတွက် ဖြစ်ပါတယ်"
ဦးဇော်လင်း

စာတွေ့လက်တွေ့

စာတွေ့လက်တွေ့ သင်ကြားပေးနေမှုကြောင့် သင်တန်းသားများ စိတ်ဝင်စားစွာ လေ့လာသင်ယူနေကြသည်ကို တွေ့ရသည်။ သင်တန်းသားများ သင်တန်း မှန်မှန်တက်ရောက်စေရန် Finger Print System ဖြင့် Roll call ရယူနေသည်ကိုလည်း တွေ့ရသည်။

ထို့နောက် သင်တန်းတက် ရောက်နေသည့် သင်တန်းသားတစ်ဦးကို ထပ်မံမေးမြန်းရာ "ကျွန်တော့်နာမည်က မောင်အောင်ဗိုလ်ထိုက် ဖြစ်ပါတယ်။ ဒီသင်တန်းမှာ နက်ဝပ်ခ်လိုင်း ချိတ်ဆက်တဲ့ MCSA သင်တန်းတက်ရောက်ခဲ့ပြီး MCSA Certified ဖြစ်လို့ အလုပ်ဝင်နေပါပြီ။ အခုဒီမှာ ထပ်ပြီး CCNA သင်တန်း ဆက်တက်နေတာပါ" ဟု ပြောပြသည်။

လက်တွေ့လုပ်ငန်းခွင်အထိ အကျိုးရှိသည့်အတွက် လူငယ်များ လေ့လာသင်ယူလျက်ရှိရာ ယခု ဒီဇင်ဘာ ၁၄ရက်မှ စတင်ကာ (သီအိုရီနှင့် လက်တွေ့ အချိုးညီစွာ ပေါင်းစပ်ထားသည့် Practical A+) Hardware သင်တန်းကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။တစ်ဖန် ဒီဇင်ဘာ ၁၇ရက်မှ စတင်ကာ Administration၊ Security permission, Monitoring၊ DHCP၊ DNS၊ Gateway၊ FTP၊ Wireless LAN စသည့် သင်တန်းနှင့် ဒီဇင်ဘာ ၁၉ ရက်၌ CCNA သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

"စာတွေ့လက်တွေ့သင်ကြားပေးလို့ အကျိုးရှိပါတယ်"
မောင်သက်လှိုင်

ဆက်လက်ပြီး သင်တန်းခန်းမအတွင်း ကွန်ပျူတာတစ်လုံးနှင့် လေ့လာနေသူ သင်တန်းသူတစ်ဦးကို တွေ့ဆုံမေးမြန်းရာ "သမီးနာမည်က မသန္တာလှမြင့် ဖြစ်ပါတယ်။ ဒီသင်တန်းမှာ Practical A+ နဲ့ Network Engineering တက်ပြီးသွားပါပြီ။ အခုတော့ MCSA သင်တန်းတက်နေတာပါ။ MCSA တက်ပြီးရင် Cisco ပိုင်းကိုလည်း ဆက်လက်လေ့လာသွားဦးမှာ ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

သင်တန်းမမှန်လျှင် အုပ်ထိန်းသူထံ အကြောင်းကြားခြင်း၊ သီအိုရီနှင့်လက်တွေ့ စာမေးပွဲများ စစ်ဆေးခြင်း၊ လက်တွေ့ လေ့လာမှုများကို အုပ်စုများဖွဲ့ကာ ရမှတ်များ သတ်မှတ်ပြီး အောင်လက်မှတ်များ ထုတ်ပေးခြင်းတို့ကို စနစ်တကျကြပ်မတ်စွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ဗဟုသုတကြွယ်ဝစေရန်

ထို့အပြင် သင်တန်းသားများ နည်းပညာပိုင်းဆိုင်ရာ ဗဟုသုတများ ကြွယ်ဝစေရန်နှင့် အိုင်တီနည်းပညာဝမ်းစာပြည့်ရန် အွန်လိုင်း ICT Reader Website (WWW. zawlinyouth.com) ၏ အပတ်စဉ်ပို့ချပေးနေသည့် သင်ခန်းစာများကို အခမဲ့ ဝင်ရောက်ဖတ်ရှုခွင့်လည်း ပေးလျက်ရှိသည်။

"ဒီသင်တန်းမှာ MCSA တက်ပြီးသွားလို့ အလုပ်ဝင်နေပါပြီ"
မောင်အောင်ဗိုလ်ထိုက်

လေ့လာသင့်

ထို့ကြောင့် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရည်အချင်းပြည့်ဝသောလူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာစေရေးအတွက် လူငယ်များအနေဖြင့် ခေတ်မီ အိုင်တီနည်းပညာရပ်များကို လေ့လာသင်ယူသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

စာတွေ့နှင့် လက်တွေ့ပါ သင်ကြားပေးနေသော စာသင်ခန်းအတွင်း သင်တန်းသားများ ဤသို့ လေ့လာ သင်ယူလျက်ရှိသည်။
(မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဒီဇင်ဘာ ၉

တစ်မိုးနှစ်သီးစပါး မိုးကောင်း၌ စုပေါင်းသမန်းနှီး

မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်၏ ၂၀၀၉ခုနှစ် တစ်မိုးနှစ်သီးစပါး လမိုင်းဓာတ်မြေသြဇာကြဲပက်ပွဲနှင့် စုပေါင်းသမန်းနှီးပွဲကို နိုဝင်ဘာ ၁၈ရက် နံနက် ၁၀နာရီက ဆားမော်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၃၁/၁၁) ဦးပိုင်အမှတ်(၁၀)ရှိ တောင်သူ ဦးထွေးအောင်ပိုင် လယ်မြေ ၁၃ ဒသမ ၁၆ဧကတွင် ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ရဲမှူးကြီး မောင်မောင်လွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်နှင့်တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။ (၀၀၁)

မိုးမောက်စည်ပင်သာယာ ရေပိုက်လိုင်းသစ်လဲလှယ်

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းလုပ်ငန်းမှ မြို့ပြရေပေးရေး ရေပိုက်လိုင်းသစ် လဲလှယ်တပ်ဆင်ခြင်းကို ဒီဇင်ဘာ ၂ရက်က အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းစိုးဦး တို့သွားရောက်စစ်ဆေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မင်းကင်း၌ ပြန်/ဆက်လုပ်ငန်းများ ထပ်ဆင့်ရှင်းလင်း

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် နိုဝင်ဘာ ၁၇ရက် နံနက် ၁၀နာရီက ခရိုင်ဦးစီးအရာရှိ ဦးမြင့်ကျော်နှင့် မြို့နယ်ပြန်/ဆက်ဝန်ထမ်းများတွေ့ဆုံ၍ ပြန်/ဆက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် သွားကြရန် ထပ်ဆင့်ဆွေးနွေးသည်။ (၀၃၃)

လေးမျက်နှာမြို့နယ် အလင်းပန်းစာကြည့်တိုက် ပန္နက်တင်

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့်ဆောက်လုပ်မည့် အလင်းပန်း စာကြည့်တိုက် ပန္နက်တင်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်မြေနေရာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇောလှ၊ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးမြင့်သိန်း၊ မြို့နယ်ဦးစီးမှူး ဦးတင်ရွှေနှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ပန္နက်တင် ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

ကောလင်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဆွေးနွေး

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲ ကို နိုဝင်ဘာ ၂၆ရက်က မြို့နယ်ရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးအောင်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က ပဉ္စမအကြိမ် စာပေညီလာခံ အကြိုလှုပ်ရှားမှုများပြုလုပ်ရေး ဆွေးနွေးသည်။ (၀၃၂)

မင်းတပ်၌ ယာဉ်နှင့်လမ်းစည်းကမ်း ပညာပေးဟောပြော

မင်းတပ်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဆွေးနွေးဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ရက် မွန်းလွဲ ၁နာရီက မင်းတပ်မြို့ မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်မြသန်းက ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ နည်းဥပဒေများ ပညာပေးဆွေးနွေးဟောပြောသည်။ (ခရိုင် ပြန်/ဆက်)

ဟိုပင် မေတ္တာရိပ် အခမဲ့ဆေးကုခန်းနှစ်ပတ်လည်နေ့ကျင်းပ

ကချင်ပြည်နယ်ဟိုပင်မြို့မေတ္တာရိပ်အခမဲ့ဆေးကုခန်း နဝမအကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို အောက်တိုဘာ ၂၆ရက် နံနက် ၈နာရီက အဆိုပါ ဆေးကုခန်း၌ကျင်းပရာ ဟိုပင်မြို့အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် မြို့မိမြို့ဖ ဦးညီလေးတို့က အမှာစကားပြောကြားကြပြီး မေတ္တာရိပ် အခမဲ့ဆေးကုခန်းဥက္ကဋ္ဌ ဒေါက်တာမြင့်လွင်က ဆေးခန်း၏တိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

နမ္မတူမြို့နယ်စည်ပင်သာယာ ရေပေးဝေရေးဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပန်ဟိုက်ရပ်ကွက်ရှိ မြို့ရေပေးဝေရေးအတွက် ရေစုပ်စက် ကြွံခိုင်ကောင်းမွန်ရေးဆောင်ရွက်မှုကို နိုဝင်ဘာ ၂၃ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြသည်။ (မြို့နယ်စည်ပင်)

ကျောက်တလုံးကြီး၌ စာဖတ်ဝိုင်းကျင်းပ

တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ရုပ်သံကျွမ်းကျင်-၃ ဒေါ်နွင်းရီ တို့သည် နိုဝင်ဘာ ၁၉ ရက်က နောင်ပစ်ကျေးရွာအုပ်စု ဟမ်းဖို့ကျေးရွာသို့ရောက်ရှိပြီး ကျောင်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် နယ်လှည့်စာကြည့်တိုက် စာဖတ်ဝိုင်း ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

ရမ်းဗြဲ မကျဉ်းကျေးရွာ၌ ရှေးဦးပြုစုခြင်းသင်တန်းဆင်း

ရမ်းဗြဲမြို့နယ်မကျဉ်းကျေးရွာ၌ လူထုအတွင်းရှေးဦးပြုစုခြင်းဆင့်ပွား သင်တန်း (၅/၂၀၀၉) ဆင်းပွဲကို နိုဝင်ဘာ ၆ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ရမ်းဗြဲမြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာညွန့်ဦးတို့ တက်ရောက် အမှာစကား ပြောကြားကြသည်။ ။ (မြို့နယ် ပြန်/ဆက်)

ဝင်းကျော် - စုစည်းရေးသားသည်

ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ရန်သူ ဒို့ရန်သူ ဝိုင်းဝန်းတိုက်ဖျက် လက်တွဲကူ

ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်းမှာကျင်းပတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသတင်းကိုကြည့်ရင်း ကျွန်တော်တို့နိုင်ငံရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်တွေအပေါ် အထူးပဲနှစ်ထောင်းအားရဖြစ်မိပါတယ်။ ယခင်ကလည်း နိုင်ငံတစ်ဝန်းမှာ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးတဲ့ အခမ်းအနားတွေကို ပြည်နယ်/တိုင်းတွေမှာရော ရန်ကုန်မြို့မှာပါ အကြိမ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်လို့ နိုင်ငံတော်ရဲ့ လုပ်ဆောင်ချက်ဟာ တကယ်ကို အလေးအနက်ထားပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာ ထင်ရှားလှပါတယ်။

ပြောရရင် ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးတဲ့ နိုင်ငံပေါင်း ၂၀ စာရင်းကို အမေရိကန်နိုင်ငံက ပြည်ပမီဒီယာတွေကတစ်ဆင့် ထုတ်ပြန်ခဲ့ရာမှာ ဘိုလီးဗီးယား၊ ဗင်နီဇွဲလားနဲ့ မြန်မာနိုင်ငံတို့ကို လွန်ခဲ့တဲ့ ၁၂လတာ ကာလအတွင်း မူးယစ်ဆေးဝါး တရားမဝင်တိုက်ဖျက်ရေးအပေါ် ပူးပေါင်းဆောင်ရွက်မှုမရှိတဲ့ နိုင်ငံတွေအဖြစ် စွပ်စွဲဖော်ပြထားတာ တွေ့ရပါတယ်။ ဘယ်လို သတင်းအခြေအမြစ်တွေဆီကနေ ဘယ်ပုံကိန်းဂဏန်း အချက်အလက်တွေကိုယူပြီး ဘယ်သို့ ဘယ့်နှယ် ကောက်ချက်ဆွဲသတ်မှတ် ဖော်ပြလိုက်တယ်မသိပါဘူး။ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး တရားမဝင်တိုက်ဖျက်ရေးအပေါ် ပူးပေါင်းဆောင်ရွက်မှုမရှိဘူးဆိုတဲ့ စွပ်စွဲချက်ဟာ ပကတိအခြေအနေမှန်တွေနဲ့ လုံးလုံးကြီးကို လွဲချော်နေတာအမှန်ပါပဲ။

တကယ်တမ်းပြောရရင် မြန်မာနိုင်ငံအနေနဲ့ မိမိမှာရှိတဲ့ အရင်းအမြစ်အားလုံးကို စွမ်းအားကုန်အသုံးချပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေကို လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ အကျိုးစီးပွားအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ချစ်ကြည်ရင်းနှီးစွာ ချိတ်ဆက်လက်တွဲပြီး အပြည့်အဝ ပူးပေါင်းလုပ်ကိုင်နေတာလည်း အများအမြင်ပဲ ဖြစ်ပါတယ်။

လက်တွေ့အားဖြင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ မှုခင်းတိုက်ဖျက်ရေးအဖွဲ့ (UNODC)နဲ့ မဲခေါင်ဒေသ ငါးနိုင်ငံတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့မှာ တက်ကြွစွာ ပါဝင်လှုပ်ရှားနေသလို တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ရုရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင် စတဲ့နိုင်ငံတွေနဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ သဘောတူစာချုပ်တွေ၊ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးပြီး အပြန်အလှန် ပူးပေါင်းဆောင်ရွက်နေတာ တွေ့နိုင်ပါတယ်။

ဒီလို ပူးပေါင်းဆောင်ရွက်မှုတွေရဲ့ ရလဒ်အနေနဲ့ အိမ်နီးချင်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ ပူးပေါင်းပြီး နိုင်ငံတကာ မူးယစ်ဆေးဝါးဂိုဏ်းတွေကို အထိနာအောင် ဖြိုခွင်းနိုင်ခဲ့ပါတယ်။ ဘိန်းဖြူဘာလောက်တုံး ၅၉၁ ကီလို တစ်ကြိမ်၊ ၄၉၆ ကီလို တစ်ကြိမ် စုစုပေါင်း ကီလို ၁၀၀၀ကျော် တစ်တန်ကျော် ဖမ်းဆီးနိုင်ခဲ့တာဟာ ကမ္ဘာတစ်ဝန်း အံ့အားသင့်လောက်တဲ့ အောင်မြင်မှုတွေပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၁၉၇၀ပြည့်လွန် နှစ်အလယ်ပိုင်းလောက်ကစပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေးစတဲ့ စစ်ဆင်ရေးတွေကို အဆင့်ဆင့် လူအား၊ ငွေအား အမြောက်အမြား ကျခံသုံးစွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွေအတွက် ပြည်ပက ပံ့ပိုးကူညီမှုတွေလည်း အထိုက်အလျောက် ရှိခဲ့ပါတယ်။ ဒါပေမယ့် ၁၉၈၈ နောက်ပိုင်းကစပြီး အဲဒီကူညီမှုတွေကို တစ်ဖက်သတ်ရပ်ဆိုင်းခဲ့တာ ယခုအချိန်အထိပါပဲ။

ကျွန်တော်တို့အနေနဲ့ကတော့ ကူညီသူ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်စွမ်းသမျှနဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွေကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်မှာ မူးယစ်ဆေးဝါး အမြစ်ပြတ်ရမယ်လို့ သန္နိဋ္ဌာန်ချမှတ်ပြီး ၁၉၉၉ မှ ၂၀၁၄ခုနှစ်အထိ အကျုံးဝင်တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး (၁၅)နှစ် စီမံကိန်းကို ချမှတ်ဖော်ဆောင်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ မှောင်ခိုရောင်းဝယ်မှုများကို ပိုက်စိပ်တိုက်ရှာဖွေဖော်ထုတ် နှိမ်နင်းလျက်ရှိသလို တစ်ဖက်ကလည်း မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု လျှော့ချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အကုန်အထိ ဘိန်းစိုက်ဧက ရှစ်သိန်းကျော် လျှော့ချနိုင်ခဲ့ပြီး ဘိန်းခင်းတွေနေရာမှာ နှစ်ရှည်နှစ်တို သီးနှံဧက ခြောက်သိန်းကျော် အစားထိုး စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံမှာ ဘိန်းထုတ်လုပ်မှု သိသိသာသာ ကျဆင်းလာခဲ့ကြောင်း ကုလသမဂ္ဂကိုယ်တိုင်က အသိအမှတ်ပြုခဲ့ကြတာကို တွေ့နိုင်ပါတယ်။

ကျော်ရဲမင်း

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို အလေးထားပြီး အားစိုက်ခွန်စိုက် ဖိဖိစီးစီး ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အခုလို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးတဲ့ အခမ်းအနားတွေကို ၂၀၀၆ခုနှစ်အထိ ရန်ကုန်မြို့မှာ အကြိမ် (၂၀)နဲ့ ပြည်နယ်/တိုင်းများရှိ ဒေသများနဲ့ မြို့ကြီးများမှာ (၄၇)ကြိမ် ကျင်းပနိုင်ခဲ့တာကို တွေ့ရပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမှာကိုပဲ ၁၉၉၇ ခုနှစ်က တစ်ကြိမ်၊ ၂၀၀၆ ခုနှစ်က နှစ်ကြိမ်၊ ၂၀၀၉ခုနှစ်က တစ်ကြိမ် စုစုပေါင်းလေးကြိမ် ကျင်းပခဲ့ပြီး ဖြစ်တဲ့အတွက် ယနေ့ မီးရှို့ဖျက်ဆီးမှုဟာ ငါးကြိမ်မြောက်ဖြစ်တာကို တွေ့နိုင်ပါတယ်။

ပြောရရင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်မြေအတွင်း ၂၀၀၉ ခုနှစ် ဇွန်လ ၂၉ရက်နေ့ကနေ ယခု အခမ်းအနားကျင်းပတဲ့နေ့အထိ မူးယစ်ဆေးဝါးများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိမှု ဖြစ်စဉ်ကြီးပေါင်း ၂၀ ကျော် ရှိခဲ့ပါတယ်။ အဲဒီကာလအတွင်း ဖမ်းဆီး၊ သိမ်းဆည်းရမိတဲ့ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြား၊ ဓာတုဆေးရည်နဲ့ ဆက်စပ်ပစ္စည်းများရဲ့ ပမာဏကိုကြည့်ရင်–

(၁)	စိတ်ကြွဆေးပြား	၆၉၉၈၅၅၄	ပြား
(၂)	ဘိန်းဖြူ	၈၁၉ ဒသမ ၇၅၃၆	ကီလို
(၃)	အိုက်စ်	၁၀ ဒသမ ၀၄၅	ကီလို
(၄)	ဘိန်းစိမ်း	၁၅၆ ဒသမ ၃၁၈၅၅	ကီလို
(၅)	စိတ်ကြွဆေးမှုန့်	၀ ဒသမ ၁၈	ကီလို
(၆)	စိတ်ကြွဆေးရေစို	၀ ဒသမ ၃၉၄	ကီလို
(၇)	ကဖင်း	၁၀၃၁	ကီလို
(၈)	ဘိန်းဆီခဲ	၀ ဒသမ ၀၃၁	ကီလို
(၉)	ဘိန်းချေး	၀ ဒသမ ၀၁၈	ကီလို

အထိ ရှိခဲ့တာကို တွေ့နိုင်ပါတယ်။ ယခု ဖမ်းဆီးရမိပြီး မီးရှို့ဖျက်ဆီးခဲ့တဲ့ မူးယစ်ဆေးဝါး၊ ဓာတုပစ္စည်းများနဲ့ ဆက်စပ်ပစ္စည်းများရဲ့ စုစုပေါင်းတန်ဖိုးဟာ မြန်မာငွေကျပ် ၉၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၉၃သန်းကျော်) ရှိပါတယ်။ တကယ့်ကို ပမာဏအားဖြင့်ရော တန်ဖိုးအားဖြင့်ပါ ကြီးမားလှပါတယ်။

နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာမှာ မူးယစ်ဆေးဝါးကိုသာမက စိတ်ကြွဆေးပြားများဖြစ်လာစေဖို့ အဓိကကုန်ကြမ်းဖြစ်တဲ့ ဓာတုပစ္စည်းများကိုပါ နေရာဒေသအနှံ့ ဒေသခံပြည်သူများရဲ့ အကူအညီကိုရယူပြီး ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ယခုဆိုရင် မူးယစ်ဆေးဝါး မှောင်ခိုသမားများအနေနဲ့ စိတ်ကြွဆေးပြားထုတ်လုပ်ရာမှာ အဓိကကျတဲ့ ဓာတုပစ္စည်းများကို ရနိုင်ဖို့ ခက်ခဲလာခဲ့ပါပြီ။ ဒီလိုအခြေအနေမှာ စိတ်ကြွဆေးပြားထုတ်လုပ်ရာမှာ အဓိကကုန်ကြမ်းဖြစ်တဲ့ အက်ဖီဒရင်း ဓာတုပစ္စည်း ပြန်လည်ထုတ်ယူနိုင်တဲ့ ဆူဒိုအက်ဖီဒရင်း အိမ်သုံးဆေးဝါးဆိုတာကို တစ်ဖက်နိုင်ငံကနေ ပြည်တွင်းကို

တကယ်တော့ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်ကြီးဟာ လူသားမျိုးနွယ်တစ်ရပ်လုံး၊ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်တဲ့ ကမ္ဘာ့ပြဿနာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေအားလုံးကို ကျွန်တော်တို့တစ်နိုင်ငံတည်း ဆောင်ရွက်နေလို့ ဘယ်လိုမှ မရနိုင်ပါဘူး။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာသာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းများမှာ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်း နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပါတယ်။

၁၉၈၈ ခုနှစ်က[...] ခုနှစ်အကုန်အထိ ဘိ[...] ရှစ်သိန်းကျော် လျှော့[...] ဘိန်းခင်းတွေနေရာမှ[...] နှစ်တို သီးနှံဧက [...] ကျော် အစားထိုး [...] ခဲ့ပါတယ်။ ဒါကြေ[...] မြန်မာနိုင်ငံမှာ ဘိန်း[...] သိသိသာသာ ကျ[...] ကြောင်း ကုလသမဂ္ဂ[...] က အသိအမှတ်ပြု[...] တွေ့နိုင်ပါတယ်။

နည်းမျိုးစုံနဲ့တင်သွင်းဖို့ ကြိုးပမ်းလာကြ[...] ဒါကြောင့်လည်း ယခုအခါမှာ တရားမ[...] ဆူဒိုအက်ဖီဒရင်း အိမ်သုံးဆေးဝါးတွေကို [...] တွေ ပြုလုပ်လာရပါတယ်။

တကယ်တော့ ဓာတုကုန်ကြမ်းပစ္စည်[...] နိုင်ငံဖြစ်တဲ့ ကျွန်တော်တို့လို နိုင်ငံမျိုးမှာ [...] နိုင်ငံများမှာသာ ထွက်ရှိတာဖြစ်ပါတယ်။ [...] အိမ်နီးချင်းတစ်ဖက်နိုင်ငံကတစ်ဆင့် [...] ဝင်ရောက်လာခြင်းသာ ဖြစ်ပါတယ်။ ယ[...] တော့ ဒီဓာတုပစ္စည်းတွေဟာ သူ့နဂိုပုံ[...] ဖြစ်ပေမယ့် လက်ရှိအခြေအနေမှာတေ[...] အိမ်သုံးဆေးဝါးများကတစ်ဆင့် ဝင်လာ[...] ပါတယ်။ ဒါကြောင့်လည်း အိမ်နီးချင်း[...] သတင်းဖလှယ်မှုတွေပြုလုပ်ပြီး တားဆ[...] အောင်မြင်မှုများလည်း ရရှိခဲ့ပါတယ်။ [...] များနဲ့ပတ်သက်ပြီး သတင်းကွင်းဆက်များ[...] အမြစ်ပါမကျန် တိုက်ဖျက်ချေမှုန်းနိုင်အေ[...] ကိုလည်း တွေ့နိုင်ပါတယ်။

တကယ်တော့ Precursor ခေါ်တဲ့ [...] မူးယစ်ဆေးဝါးဆိုတာ ဘယ်လိုမှဖြစ်မလာ[...] ဓာတုကုန်ကြမ်း Precursor Chemical[...] အတွင်းကို တရားမဝင် လမ်းကြောင်းပြေ[...] အောင် အိမ်နီးချင်းနိုင်ငံများနဲ့ အထူး[...] ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ အ[...] ကလည်း အလေးထား ပူးပေါင်းဆောင်ရွ[...] ပါတယ်။ တကယ်တမ်း လူအများကို [...] မူးယစ်ဆေးဝါးဘဝကို ရောက်မလာနိုင်[...] ကတည်းက တားဆီးနှိမ်နင်းနိုင်ခဲ့ခြင်းဟာ [...] မူးယစ်ဆေးဝါးပမာဏများစွာကို တားဆီ[...] လို့ ဆိုနိုင်ပါတယ်။

နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါး တို[...] ကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် [...] ကိုယ့်နိုင်ငံမှာရှိတဲ့ သယံဇာတအရင်းအမြစ်[...] ပြီး စွမ်းအားပြည့် ကြိုးပမ်းဆောင်ရွက်လျ[...] ဆေးဝါးပပျောက်ရေးလုပ်ငန်းကို ထိထိရော[...] နိုင်အောင် မဟာဗျူဟာ (၂)ရပ်နဲ့ နည်းဗျူ[...]

၁၉၈၈ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အကုန်အထိ ဘိန်းစိုက်ဧက ရှစ်သိန်းကျော် လျှော့ချနိုင်ခဲ့ပြီး ဘိန်းခင်းတွေနေရာမှာ နှစ်ရှည်နှစ်တို သီးနှံဧက ခြောက်သိန်းကျော် အစားထိုး စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံမှာ ဘိန်းထုတ်လုပ်မှု သိသိသာသာ ကျဆင်းလာခဲ့ကြောင်း ကုလသမဂ္ဂ ကိုယ်တိုင်က အသိအမှတ်ပြုခဲ့ကြတာကို တွေ့နိုင်ပါတယ်။

နည်းမျိုးစုံနဲ့တင်သွင်းဖို့ ကြိုးပမ်းလာကြတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ယခုအခါမှာ တရားမဝင် ဝင်ရောက်လာတဲ့ ဆူဒိုအက်ဖီဒရင်း အိမ်သုံးဆေးဝါးတွေကို အလေးထား တားဆီးမှုတွေ ပြုလုပ်လာရပါတယ်။

တကယ်တော့ ဓာတုကုန်ကြမ်းပစ္စည်းဆိုတာဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့ ကျွန်တော်တို့လို နိုင်ငံမျိုးမှာ မထွက်ပါဘူး။ စက်မှုနိုင်ငံများမှာသာ ထွက်ရှိတာဖြစ်ပါတယ်။ ဒီဓာတုပစ္စည်းတွေဟာ အိမ်နီးချင်းတစ်ဖက်နိုင်ငံကတစ်ဆင့် ကျွန်တော်တို့နိုင်ငံဆီကို ဝင်ရောက်လာခြင်းသာ ဖြစ်ပါတယ်။ ယခင်ကာလများတုန်းကတော့ ဒီဓာတုပစ္စည်းတွေဟာ သူ့နဂိုပုံစံအတိုင်း ဝင်လာခြင်းဖြစ်ပေမယ့် လက်ရှိအခြေအနေမှာတော့ အသွင်ပြောင်းပြီး အိမ်သုံးဆေးဝါးများကတစ်ဆင့် ဝင်လာနေပြီဖြစ်တာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း အိမ်နီးချင်းနိုင်ငံများနဲ့ နိုင်ငံချင်း သတင်းဖလှယ်မှုတွေပြုလုပ်ပြီး တားဆီးနှိမ်နင်းခဲ့ရပါတယ်။ အောင်မြင်မှုများလည်း ရရှိခဲ့ပါတယ်။ ဖမ်းဆီးရမိမှု ဖြစ်စဉ်များနဲ့ပတ်သက်ပြီး သတင်းကွင်းဆက်များ စိစစ်ဖော်ထုတ်လျက် အမြစ်ပါမကျန် တိုက်ဖျက်ချေမှုန်းနိုင်အောင် ဆောင်ရွက်နေတာကိုလည်း တွေ့နိုင်ပါတယ်။

တကယ်တော့ Precursor ခေါ်တဲ့ ဓာတုကုန်ကြမ်းမရှိရင် မူးယစ်ဆေးဝါးဆိုတာ ဘယ်လိုမှဖြစ်မလာနိုင်ပါဘူး။ ဒါကြောင့် ဓာတုကုန်ကြမ်း Precursor Chemical များ ကျွန်တော်တို့နိုင်ငံအတွင်းကို တရားမဝင် လမ်းကြောင်းပြောင်းလဲ စီးဝင်မလာနိုင်အောင် အိမ်နီးချင်းနိုင်ငံများနဲ့ အထူးအလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ အိမ်နီးချင်းနိုင်ငံများဘက်ကလည်း အလေးထား ပူးပေါင်းဆောင်ရွက်ဖို့ အလွန်အရေးကြီးပါတယ်။ တကယ်တမ်း လူအများကို အန္တရာယ်ဖြစ်စေမယ့် မူးယစ်ဆေးဝါးဘဝကို ရောက်မလာနိုင်ခင် ဓာတုပစ္စည်းဘဝကတည်းက တားဆီးနှိမ်နင်းနိုင်ခဲ့ခြင်းဟာ နောင်ဖြစ်ပေါ်လာမယ့် မူးယစ်ဆေးဝါးပမာဏများစွာကို တားဆီးနိုင်ခဲ့ခြင်းပဲ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းကြီးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူပြီး ကိုယ့်နိုင်ငံမှာရှိတဲ့ သယံဇာတအရင်းအမြစ်တွေအပေါ်မှာ အခြေပြုပြီး စွမ်းအားပြည့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် မဟာဗျူဟာ (၂)ရပ်နဲ့ နည်းဗျူဟာ (၃)ရပ် ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ မဟာဗျူဟာ (၂)ရပ်ကတော့ (၁) မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ရေး၊ (၂)နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်း ပပျောက်ရေးတို့ပဲ ဖြစ်ပါတယ်။ အဲဒီမဟာဗျူဟာတွေ အောင်မြင်စေရေးအတွက် (၁)ထုတ်လုပ်မှုပပျောက်ရေး၊ (၂)သုံးစွဲမှုပပျောက်ရေး၊ (၃)တားဆီးနှိမ်နင်းရေး ဆိုတဲ့ နည်းဗျူဟာ (၃)ရပ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အကျုံးဝင်တဲ့ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကြီးကို ချမှတ်ဖော်ဆောင်လျက် ရှိပါတယ်။ ယခုဆိုရင် အဲဒီ (၁၅)နှစ်စီမံကိန်း၊ ဒုတိယ(ငါး)နှစ်ပိုင်းရဲ့ နောက်ဆုံးနှစ်ကို ရောက်ရှိနေပြီဖြစ်တဲ့အပြင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အတော်ကို အောင်မြင်ခရီးရောက်နေပြီလို့ ဆိုနိုင်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေးနဲ့ တားဆီးနှိမ်နင်းရေးလုပ်ငန်းရပ်များအပေါ် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသလို တစ်ဖက်ကလည်း သုံးစွဲမှုပပျောက်ရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)က ချမှတ်ထားတဲ့ "မူးယစ်ဆေး လွှမ်းမိုးစိုးမိုးနေရင် မင်းဘဝ၊ မင်းမိသားစု၊ မင်းပတ်ဝန်းကျင် မလုံခြုံပါ (No individual, family or community is safe where illicit drugs take control)" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ လူထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနဲ့ အသိပညာပေးရေးလုပ်ငန်းများ၊ ဆေးစွဲသူများ ကုသရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း နိုင်ငံအဝန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးနည်းဗျူဟာ လုပ်ငန်းစဉ် (၃)ရပ်နဲ့အညီ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုအားကိုယူပြီး မဖြစ်မနေ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာသာ ဖြစ်ပါတယ်။ အခြားတစ်ဖက်ကလည်း ဒေသနယ်မြေ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပြည်သူများရဲ့အားနဲ့ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရင်း မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကြီး အောင်မြင်အောင် အပြည့်အဝ စွမ်းအားကုန် ကြိုးပမ်းဆောင်ရွက်သွားမှာသာ ဖြစ်ပါတယ်။

တကယ်တော့ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်ကြီးဟာ လူသားမျိုးနွယ်တစ်ရပ်လုံး၊ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်တဲ့ ကမ္ဘာ့ပြဿနာဖြစ်ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေအားလုံးကို ကျွန်တော်တို့တစ်နိုင်ငံတည်း ဆောင်ရွက်နေလို့ ဘယ်လိုမှ မရနိုင်ပါဘူး။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာသာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းများမှာ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပါတယ်။

ချုပ်ပြီးဆိုရရင် **မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းအတွက် ခိုင်မာတဲ့သန္နိဋ္ဌာန်စိတ်နဲ့ တက်ကြွပြတ်သားစွာ လုပ်ဆောင်လျက်ရှိကြောင်း အထင်အရှား တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲပြောဆိုနေတာတွေဟာ လုံးဝမှားယွင်းနေတယ်ဆိုတာကို နိုင်ငံတကာအနေနဲ့ရော ပြည်သူအားလုံးပါ သိစေချင်ပါတယ်။ ဒါ့အပြင် လက်ရှိဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းရေးလုပ်ငန်းတွေ၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းတွေ အောင်မြင်သည်ထက်အောင်မြင်အောင် နည်းပညာအထောက်အပံ့များ၊ ဘိန်းစိုက်တောင်သူများ ဆင်းရဲမွဲတေမှုပပျောက်ရေး အစီအမံများမှာ ပူးပေါင်းပါဝင် လက်တွဲကူညီသင့်လှပါတယ်။ ဒါဆိုရင် ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ အနာဂတ်ကို ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးဆိုတဲ့ အန္တရာယ်ဆိုးကြီးကို တိုက်ဖျက်နှိမ်နင်းရာမှာ ယခုထက်ပိုပြီး ထိရောက်အောင်မြင်မှု ရလဒ်ကောင်းတွေ ပေါ်ထွက်လာမှာဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။** ။

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၉

ဂျပန်နိုင်ငံအစိုးရ၏ 21st Century Opinion Leader Invitation Program အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဒီဇင်ဘာ ၇ရက်က ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

တွေ့ဆုံဆွေးနွေး

ဥက္ကဋ္ဌဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ၌ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဟီရိုရှီးမားပြည်နယ်အစိုးရ၊ JETRO, JCCI, AOTS, Japan ASEAN Center, Ministry of Economy, Trade and Industry တို့မှ တာဝန်ရှိသူတို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်ကျွန်းမြို့ အထက(၁) စိန်ရတုပွဲတော် ကျင်းပမည်

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၉

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ယခင်အစိုးရအထက်တန်းကျောင်း)၏ (၇၅)နှစ်မြောက် စိန်ရတုပွဲတော်နှင့် (၂၅)နှစ်ပြည့်ငွေရတု အငြိမ်းစားဆရာ ဆရာမကြီးများ၏ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ရက်မှ ၂၇ရက်အထိ မော်လမြိုင်ကျွန်းမြို့အထက(၁)၌ ကျင်းပရန် စီစဉ်ထားသည်။

လှူဒါန်းနိုင်

အဆိုပါ စိန်ရတုပွဲတော်စတင်ကျင်းပမည့် ဒီဇင်ဘာ ၂၅ရက်တွင် စိန်ရတုပွဲတော်ဖွင့်ပွဲ၊ ကျောင်းဆောင်သစ် ပန္နက်တင်ပွဲနှင့် စာပေ၊ အားကစား၊ အဆိုပြိုင်ပွဲများ၊ ဒီဇင်ဘာ ၂၆ရက်တွင် အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ရာ ဆရာ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြရန်ဖြစ်ပြီး ဒီဇင်ဘာ ၂၇ရက် နံနက် ၇နာရီခွဲတွင် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဦးကိုကိုလွင် (ဥက္ကဋ္ဌ ကျင်းပရေးကော်မတီ) ဖုန်း-၀၄၂-၅၀၅၆၆၊ ဦးအေးကြည် (ကျောင်းအုပ်ကြီး အထက-၁) ဖုန်း-၀၄၂-၅၀၀၀၃ နှင့် ဦးလှစိုး (ဥက္ကဋ္ဌ ဘဏ္ဍာရေးကော်မတီ) ဖုန်း-၀၄၂-၅၀၂၁၃ တို့သို့ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၄၂)

ကျိုက္ကော် အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၉

မွန်ပြည်နယ် သထုံမြို့နယ် ကျိုက္ကော် အထက၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေ ထည့်ဝင်လှူဒါန်းလိုသူများနှင့် ရန်ကုန်မှ လိုက်ပါမည့်သူများအတွက် ဒီဇင်ဘာ ၂၅ရက်တွင် မီးရထားတွဲ စီစဉ်ထားပါသဖြင့် ဒီဇင်ဘာ ၂၀ရက်နောက်ဆုံးထား၍ ဒေါ်ခင်ဝင်း ဖုန်း-၂၂၁၂၄၇၊ ဒေါက်တာခွန်ကျော်အောင်-ဒေါ်တင်လွမ် ဖုန်း-၂၉၅၅၀၀၊ ဒေါ်ခင်သန်းလတ် ဖုန်း-၂၂၅၉၁၄၊ ဦးဦးမြင့် ဖုန်း-၅၆၂၄၉၂နှင့် ဦးတင်သန်း(မောင်နီ) ဖုန်း-၆၄၂၀၆၉ တို့သို့ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၀-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊တေးရေး ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ ကြားညှပ်သီးနှံ ဝဥပင်
- ၈း၁၅ ၇။ တေးဂီတအစီအစဉ်
- ၈း၃၀ ၈။ **ကိုယ်စိန်နဲ့ ကိုယ်ဝန်ဆောင်မိခင်**
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ အကပေဒေသာ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၂း၃၀ ၁။ (၂၅)ကြိမ်မြောက်အရှေ့တောင် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(မြန်မာနှင့် အင်ဒိုနီးရှား)**
- ၄း၁၅ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းရိုးရာအက
- ၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သမိုင်းအထူးပြု)(သမိုင်း)
- ၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၅း၁၀ ၇။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
- ၅း၂၀ ၈။ အတီးပြိုင်ပွဲ
- ၅း၃၅ ၉။ မြန်ပြည်တစ်လွှားလမ်းတံတားများ
- ၅း၄၀ ၁၀။ သက်တံရောင်သံစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **ဈေးသည်** (အပိုင်း-၃) မိုးမိုး၊ သူရလင်း၊ ညီထက်၊ သဇင်၊ ယမင်းမြင့်သိန်း၊ ယုဇနဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆း၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၁၉)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း-၈၁)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ**(အပိုင်း-၂)

တောင်ပိုင်းဒေသများ၌ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၁၀ရက်ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကလေးမြို့နယ်၌ အထက်တန်းကျောင်းခွဲဖွင့်၊ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ကလေး ဒီဇင်ဘာ ၉

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ် ရာဇဂြိုဟ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲနှင့် ဧရာဝတီနှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဝင်း၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဝင်း၊ ရာဇဂြိုဟ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် တာဝန်ရှိသူများက ဧရာဝတီကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်အောင်စန်းချစ်က အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီကျောင်းဆောင်နှင့် ပတ်သက်သည့်စာရွက်စာတမ်းများကို ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးဝင်းမောင်က မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုဝေက ကျောင်းဆောက်လုပ်ရေးဆိုင်ရာကိစ္စများ ရှင်းလင်းပြောကြားပြီးနောက် ရာဇဂြိုဟ်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

စားသောက်ဆိုင် လုပ်ငန်းရှင်များအား ချမ်းမြသာစည်၌ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး

မန္တလေး ဒီဇင်ဘာ ၉

မန္တလေး ချမ်းမြသာစည်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၄ရက် နံနက် ၁၀နာရီက ချမ်းမြသာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ကိုယ်စား မြို့နယ်အတွင်းရေးမှူး ဒေါ်ခင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်မောင်က စားသောက်ဆိုင်လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့်အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြား**(ဝဲပုံ)**၍ လုပ်ငန်းရှင်များ၏ ဆွေးနွေး မေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ လုပ်ငန်းရှင် ၁၁၀တို့အား အခွန်ဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **(၁၁၃)**

ဆောင်းရာသီစိုက်ပျိုးစရိတ် တောင်ငူမြို့နယ်၌ ပေးအပ်

တောင်ငူ ဒီဇင်ဘာ ၉

ပဲခူးတိုင်း တောင်ငူမြို့ ကေတုသစ္စာ ပဲမျိုးစုံ အထူးပြုရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ပထမအကြိမ်အဖြစ် ၂၀၀၉ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေကျပ် သိန်း၄၂၀ ထုတ်ချေးပေးအပ်ပွဲကို နိုဝင်ဘာ ၃ရက်က တောင်ငူမြို့နယ် လဲဘူးကျေးရွာအုပ်စုဓမ္မာရုံ၌ လည်းကောင်း၊ ၄ရက်တွင် ဆူးတပ်ကျေးရွာအုပ်စု ဓမ္မာရုံ၌လည်းကောင်း ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင် တိုင်းမန်နေဂျာ ဦးဝင်းအောင်၊ အုပ်ချုပ်မှု ဒါရိုက်တာ ဦးရဲဝင်းနှင့် ဦးကိုကိုကြီးတို့က နိုင်ငံတော်၏ လယ်ယာကဏ္ဍဆိုင်ရာ ရည်မှန်းချက်များနှင့် ချေးငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လဲဘူးကျေးရွာအုပ်စုမှ မတ်ပဲစိုက်တောင်သူ ၁၂၇ဦးတို့ မတ်ပဲ စိုက်ဧက ၁၁၀၀ကျော်နှင့် ဆူးတပ်ကျေးရွာအုပ်စုမှ မတ်ပဲစိုက်တောင်သူ ၁၃၄ဦးတို့အား မတ်ပဲစိုက်ဧက ၁၀၀၀ အတွက် တစ်ဧကလျှင် ကျပ် နှစ်သောင်းနှုန်းဖြင့် ကျပ်သိန်း ၄၁၀နှင့် မြန်မာ့ဩဘာ ကုမ္ပဏီလီမိတက်မှ လယ်ယာသုံး ဆေးပစ္စည်း ကျပ်၁၀သိန်းကျော်ဖိုး စုစုပေါင်းကျပ်သိန်း ၄၂၀ ထုတ်ချေးပေးခဲ့သည်။ **(၀၄၇)**

Myanmar Golf Tour (2009-2010) IBTC OPEN Golf Championships

ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ယှဉ်ပြိုင်

ရန်ကုန် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGAတို့က ကြီးမှူး၍ International Beverages Trading Co., Ltd., က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2009-2010)၏ ပဥ္စမပွဲစဉ်အဖြစ် IBTC OPEN Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ရိုက်ချက်

တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Srixon) က သုံးရက်ပေါင်း ရိုက်ချက် ၂၀၈ ချက် (-၈)ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး နိုင်နိုင်လင်း(Srixon) နှင့် စိုးကျော်နိုင်(Srixon) တို့က သုံးရက်ပေါင်း ရိုက်ချက် ၂၁၂ ချက် (-၄)စီဖြင့် ဒုတိယလိုက်နေကြသည်။

သုံးရက်ပေါင်း

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် စိုးမိုးဝင်းက သုံးရက်ပေါင်းရိုက်ချက် ၂၁၅ ချက် (-၁)ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး အောင်ဝင်း (မြန်မာ့လက်ရွေးစင်) က သုံးရက်ပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ဒုတိယ၊ ရန်မျိုးအေးက သုံးရက်ပေါင်းရိုက်ချက် ၂၁၉ချက်ဖြင့် တတိယလိုက်နေကြသည်။ **(အောက်ပုံ)**

ပံ့ပိုး

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် International Beverages Trading Co., Ltd (IBTC)က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် Air Bagan Ltd., KBZ Bank Ltd., Hotel Yangon, KM Golf Centre, HAN Golf Masters Pte.,Ltd.,Myanmar Thiha Trading Co.,Ltd.,Bay of Bengal Resort (BOB), (INAX,T-Home),CEPSA Lubricantes, ACCEL International Co., Ltd. (Canon), Imperial Jade Purified Drinking Water, Lifeline Co., Ltd., GP Watch,နှင့် ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)တို့က ထပ်မံပံ့ပိုး ကူညီကြသည်။ **(ဂေါက်သီးအဖွဲ့ချုပ်)**

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ခမ်းနားသိုက်မြိုက်စွာဖွင့်လှစ်

ဗီယင်ကျန်း ဒီဇင်ဘာ ၉

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)ကို လာအိုနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရာ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ရက်က ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားကို မြို့တော်ဗီယင်ကျန်းရှိ အမျိုးသားအားကစားကွင်းကြီး၌ ကျင်းပရာ လာအိုနိုင်ငံမှ အကြီးအကဲများ၊ အာဆီယံနိုင်ငံများမှ အားကစားတာဝန်ရှိသူများ၊ အားကစားသမားများ၊ ပြည်တွင်း၊ ပြည်ပအားကစား သတင်းအဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များ တက်ရောက်ကြသည်။

တည်ဆောက်ခဲ့

ဖွင့်ပွဲအခမ်းအနားကျင်းပရာ အမျိုးသား အားကစားကွင်းကြီးသည် ပရိသတ် ၂၀၀၀၀ ဝင်ဆံ့ ကြည့်ရှုနိုင်သည့် အားကစားကွင်းကြီးဖြစ်သည်။ ယင်းအားကစားကွင်းကြီးကို တရုတ်၊ ဂျပန်၊ ဘရူနိုင်း၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် ထိုင်းတို့၏ အကူအညီဖြင့် အမေရိကန်ဒေါ်လာသန်း ၁၀၀အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

လာအိုနိုင်ငံတွင် အဆိုပါ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲမတိုင်မီ ဘောလုံး၊ တိုက်ကွမ်ဒိုနှင့် စားပွဲတင် တင်းနစ်ပြိုင်ပွဲများကို ယခုသီတင်းပတ် အစောပိုင်းက စတင်ကျင်းပခဲ့သည်။ ပြိုင်ပွဲငါးမျိုးအတွက် ရွှေတံဆိပ်ငါးဆုချီးမြှင့်ပြီးဖြစ်သည်။ ရွှေတံဆိပ် ဆွတ်ခူးသွားသောနိုင်ငံများမှာ မြန်မာက နှစ်ခု၊ ထိုင်းနှင့်လာအိုတို့က တစ်ခုစီ၊ စင်ကာပူက တစ်ခု ဆွတ်ခူးထားပြီးဖြစ်သည်။

လူကြိုက်များ

ဘောလုံးနှင့်လက်ဝှေ့ အားကစားနည်းမှာ လာအိုနိုင်ငံတွင် လူကြိုက်အများဆုံး အားကစားဖြစ်ကြောင်း၊ အခြားအားကစားပြိုင်ပွဲများကို စိတ်ဝင်စားမှုနည်းကြောင်း၊ အသက် ၂၀ရှိ ကျောင်းသူတစ်ဦးဖြစ်သော မာတာယူတောင်ဂျာရှင်းက ပြောကြားသည်။

အကြီးအကျယ်ဆုံး

ယခု အားကစားပြိုင်ပွဲကြီးသည် မိမိတို့လာအိုနိုင်ငံတွင် အကြီးကျယ်ဆုံး အခမ်းအနားဆုံးပြိုင်ပွဲကြီးဖြစ်၍ စိတ်လှုပ်ရှားမိကြောင်း၊ရေကူးနှင့် ဘောလုံးပြိုင်ပွဲများကျင်းပပုံကို စောင့်ကြည့်သွားရန် စိတ်ဝင်စားကြောင်း ၄င်းကပြောကြားသည်။

အမျိုးအစားပေါင်း

လာအိုနိုင်ငံ၌ကျင်းပသည့် ဆီးဂိမ်းပြိုင်ပွဲသည် အားကစားပြိုင်ပွဲ အမျိုးအစားပေါင်း ၂၅မျိုးသာ ကျင်းပမည်ဖြစ်သည်။ လာအိုနိုင်ငံမှ အားကစားပြိုင်ပွဲဝင် အားကစားသမားများသည် ၂၀၀၁ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တို့တွင် ရွှေတံဆိပ် တစ်ဆုစီသာ ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၀၅ခုနှစ်တွင် ရွှေတံဆိပ်သုံးခု၊ ၂၀၀၇ခုနှစ်၌ ရွှေတံဆိပ်ငါးခု ဆွတ်ခူးနိုင်ခဲ့သည်။

ထိုင်းနိုင်ငံသည် ၁၉၅၉ခုနှစ်မှ ဆီးဂိမ်းပြိုင်ပွဲကျင်းပခဲ့ပြီးနောက် ရွှေတံဆိပ်ဆုပေါင်း ၁၆၉၂ဆု၊ အင်ဒိုနီးရှားက ရွှေတံဆိပ် ၁၃၇၇ဆု၊ မလေးရှားက ရွှေတံဆိပ်ဆု ၉၀၀ဆွတ်ခူးနိုင်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၀၇ ဆီးဂိမ်းတွင် ထိုင်းက ရွှေတံဆိပ် ၁၈၃ဆု အများဆုံး ဆွတ်ခူးနိုင်ခဲ့သည်။

ပြိုင်ပွဲများ

ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် စက်ဘီး၊ ဘက်စကတ်ဘော၊ ကျွမ်းဘား၊ ဟော်ကီ၊ လှေလှော်နှင့် အလေးမပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်သည်။ ထို့အပြင် နဂါးလှေပြိုင်ပွဲ၊ ဝူရှူး၊ မွေထိုင်း လက်ဝှေ့ပြိုင်ပွဲ တို့ကိုလည်း ထည့်သွင်းထားသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဘောလုံးအားကစားသမား ၂၈၀၊ ပြေးခုန်ပစ် အားကစားသမား ၄၈၆၉ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ရွှေတံဆိပ် ၃၇၀၊ ငွေတံဆိပ် ၃၇၀နှင့် ကြေးတံဆိပ်၅၃၉ဆု ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိချန်ပီယံ ထိုင်းက ဆီးဂိမ်းသို့ အားကစားသမား ၈၄၂ဦး စေလွှတ်ယှဉ်ပြိုင်သည်။ ။

မြင့်မောင်စိုး- စုစည်းသည်
ကိုးကား-အင်တာနက်

သယ်ဆောင်

(၂၅) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဤသို့ ဖွင့်လှစ်ကျင်းပခဲ့သည်။ (အင်တာနက် ဓာတ်ပုံ)

စာကြည့်တိုက်ဆောက်လုပ်ရေး ကြံခင်းမြို့နယ် ထန်းတပင်ကျေးရွာ၌ အလှူငွေပေးအပ်

ကြံခင်း ဒီဇင်ဘာ ၉

ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ထန်းတပင်ကျေးရွာ သုတရိပ်မြုံစာကြည့်တိုက် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၅ရက် မွန်းလွဲ ၁နာရီက ကြံခင်းမြို့နယ် ထန်းတပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး နိုင်ငံတော်၏ မတည်ငွေကို မြို့နယ်ဦးစီးမှူး ဒေါ်ခင်သူဇာက ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌထံ ပေးအပ်သည်။ ဆက်လက်၍ အလှူရှင်များ၏ ပထမအကြိမ် လှူဒါန်းငွေကျပ်ငါးသိန်းနှင့် ခုနစ်သောင်းငါးထောင်တန်ဖိုးရှိ ပရိဘောဂပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်သူဇာက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဆိုးကင်းဘဲလ်အားခေါ်ယူရန် ဖာဂူဆန်ရည်ရွယ်

မန်ယူနည်းပြ ဖာဂူဆန်သည် ၎င်း၏အသင်း နောက်တန်းတွင် ဒဏ်ရာရ ကစားသမားများပြားနေမှုကို နော့ကောင်တီအသင်းမှ ဆိုးကင်းဘဲလ်အား စာချုပ်ချုပ်ဆို ခေါ်ယူခြင်းဖြင့် ခံစစ်ကိုဖြည့်ဆည်းရန် ရည်ရွယ်ထားသည်။

စပါးခံစစ်မှူး အလန်ဟတ်တွန်အား ခေါ်ယူနိုင်ရေး ဟာဒီနန်အား စတီဘရစ်ရောင်းမည်ဟုဖွင့်ဟ

ဆန်းဒါးလမ်းနည်းပြ စတီဘရစ်သည် စပါးနောက်ခံလူ အလန်ဟတ်တွန်အား ခေါ်ယူရရှိရေးအတွက် ဆန်းဒါးလန်းခံစစ်မှူး အန်တွန်ဟာဒီနန်အား ရောင်းထုတ်မည်ဟု ပြောကြားလိုက်သည်။

ခံစစ်မှူး အစ်ဂ်နာဇီယိုအား မန်စီးတီး အကဲခတ်နေ

မန်စီးတီးအသင်းသည် အေစီမီလန် နောက်ခံလူ အက်စ်နာဇီယိုအား ခေါ်ယူရန် လှေ့လာစုံစမ်းမှုများ ပြုလုပ်နေသည်ဟုဆိုသည်။

ဂလက်ဆီကွင်းလယ်ကစားသမား ဒိုနိုဗန်အား အဲဗာတန်က အငှားစာချုပ် ချုပ်ဆိုမည်

အဲဗာတန်အသင်းသည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ရာသီတွင် လော့စ်အိန်ဂျလိစ်ဂလက်ဆီအသင်းမှ ကွင်းလယ်ကစားသမား ဒိုနိုဗန်အား အငှားစာချုပ်တစ်ရပ် ချုပ်ဆိုခေါ်ယူမည်ဟုဆိုသည်။

လန်ဒန်မြောက်ပိုင်းအသင်း အာဆင်နယ် တိုက်စစ်မှူး ပက်ဗလူချင်ကိုအား ပစ်မှတ်ထားနေ

အာဆင်နယ်အသင်းသည် လန်ဒန်မြောက်ပိုင်းတွင် ၎င်း၏ပြိုင်ဘက်အသင်းဖြစ်သည့် စပါးအသင်းမှ တိုက်စစ်မှူး ပက်ဗလူချင်ကိုအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ရုရှားအေးဂျင့်အိုလက်ဂ်အာတီမော့ဗ်က ဖွင့်ဟသည်။

ဘာမင်ဂမ်အသင်းနည်းပြ မက်ကလစ်ချ် မန်စီးတီးဂိုးသမားအား အငှားစာချုပ်ခေါ်ယူလို

ဘာမင်ဂမ်အသင်းနည်းပြ မက်ကလစ်ချ်သည် မန်စီးတီးအသင်း ဂိုးသမား ဂျိုးဟတ်အား လိုအပ်ပါက အမြဲတမ်းခေါ်ယူနိုင်မည့် သဘောတူညီချက်ပေါ်တွင် အခြေခံသော အငှားစာချုပ် ချုပ်ဆိုခေါ်ယူလိုသည်ဟုဆိုသည်။

တူရကီအသင်း ဖီနာဘာချီ တိုက်စစ်မှူးဂျွန်ကာရူးအား ခေါ်ယူရန်ကြိုးစားနေ

အက်စ်တွန်ဗီလာတိုက်စစ်မှူး ဂျွန်ကာရူးအား တူရကီအသင်းကြီးဖြစ်သည့် ဖီနာဘာချီက ပေါင်ငါးသန်းဖြင့် စာချုပ်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သတင်းဌာ ဖော်ပြသည်။

ဥရောပ အဆင့်တစ် ဂေါက်သီးရိုက်သမား လီဝက်စ်ဝုဒ် အကောင်းဆုံးဥရောပ ကစားသမားဆုဆွတ်ခူး

အသက် (၃၆)နှစ်ရှိ ဥရောပအဆင့်တစ် ဂေါက်သီးရိုက်သမားလီဝက်စ်ဝုဒ်သည် ပြီးခဲ့သည့်လက ဒူဘိုင်းကမ္ဘာ့ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုဖလား ဆွတ်ခူးပြီးနောက် ၂၀၀၉ခုနှစ်၏ အကောင်းဆုံး ဥရောပတိုးဂေါက်သီးကစားသမား ဆုကို တတိယအကြိမ် ဆွတ်ခူးသွားသည်။

ပြေးခုန်ပစ်ပြိုင်ပွဲတွင် မူးယစ်ဆေးသုံးခဲ့သူ သာနီ ရွှေတံဆိပ်ဆု ပယ်ဖျက်ခြင်းခံခဲ့ရ

ပြေးခုန်ပစ်မယ် ကက်ထရီနာသာနိုသည် ၂၀၀၀ခုနှစ် ဆစ်ဒနီအိုလံပစ်တွင် မူးယစ်ဆေးဝါးသုံးစွဲကာ ပြိုင်ပွဲဝင်သည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းရရှိခဲ့သည့် မီတာ ၁၀၀ပြေးခုန်ပစ်ရွှေတံဆိပ်ဆုကို နိုင်ငံတော် အိုလံပစ်ကော်မတီက ပယ်ဖျက်ခဲ့သည်။

ပက်ကွိုင်အောအား အလဲထိုးနိုင်မည်ဟု ယုံကြည် ကန်လက်ဝှေ့ကျော် ဖလွိုက်မေဝဲသား ဖွင့်ဟ

လာမည့် ၂၀၁၀ခုနှစ် မတ် ၁၃ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည့် ဝယ်လ်တာဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲ၌ ပြိုင်ဘက် ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွိုင်အောအား အလဲထိုးအနိုင်ယူနိုင်မည်ဟု ယုံကြည်ကြောင်း အမေရိကန်လက်ဝှေ့ကျော် ဖလွိုက်မေဝဲသားက ပြောကြားသည်။ ။

ဇယားထိပ်ဆုံးရောက် ချယ်လ်ဆီးကို မန်ယူဖိအားပေးဦးမှာလား

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ ဇော်ထွန်းဦး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဒီဇင်ဘာ ၉

ပရီမီယာလိဂ်ပွဲစဉ် (၁၆)ကို ဒီဇင်ဘာ ၁၂ရက်နဲ့ ၁၃ရက်တွေမှာ ယှဉ်ပြိုင်ကြမှာဖြစ်လို့ ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးတွေ ချန်ပီယံလိဂ် အုပ်စု နောက်ဆုံးပွဲစဉ်တွေအပြီး ပင့်သက်မချနိုင်ဘဲ အကြိတ်အနယ် ဆက်လက်ဆင်နွဲကြရဦးမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ အသင်းကြီးတွေအားလုံး ပွဲကျပ်တွေနဲ့ ရင်ဆိုင်ရမှာမို့ ပွဲကြီးပွဲကောင်းတွေချည်းပဲဖြစ်လို့ ခြေကုန်ထုတ်ကြရဦးမှာ သေချာပါတယ်။



အာဆင်နယ်ကစားသမား ဖာဘရီဂတ်စ်။

မန်ယူနှင့်ဗီလာ

ဒဏ်ရာရ ကစားသမားတွေများနေပေမယ့် ဖာဂူဆန်ရဲ့ အစီအမံကြောင့် မန်ယူကို တိုက်စစ်မှူး ရွန်နေဦးဆောင်ပြီး သိက္ခာရှိရှိနဲ့ ခရီးဆက်နိုင်နေပါတယ်။ အိုဝင်ကလည်း ဂိုးတွေမြူးနေလို့ ဝုဖ်ဘတ်ကို ချန်ပီယံလိဂ်မှာ ဂိုးပြတ်သွင်း အနိုင်ယူထားတာဟာ အားတက်စရာပါပဲ၊ ဗီလာဟာ အိမ်ကွင်း ခြေစွမ်းထက်ပေမယ့် အဝေးကွင်း ရလဒ်မကောင်းတတ်တာမို့ အာဗွန်လဟော၊ ဗီလာတို့ အားကိုးနဲ့ပဲ မန်ယူကို ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဗီလာနဲ့တွေ့တိုင်း မန်ယူတို့ ခက်ခက်ခဲခဲ ကစားရပေမယ့် အနိုင်ရတာများတာမို့ အိုးထရက်ဖို့ဒ် ပရိသတ်တွေ ပျော်ရွှင်ရမယ့် ပွဲပါပဲ။

ချယ်လ်ဆီးနှင့်အဲဗာတန်

ရှုံးပွဲ၊ သရေပွဲတွေဆက်တိုက် ကြုံတွေ့နေရလို့ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီလည်း ခေါင်းခဲနေချိန်ပါပဲ။ ချယ်လ်ဆီးရဲ့ ကစားဟာ ကျစ်လျစ်မှုမရှိဘဲ တိုက်စစ်မှူးတွေ အဆုံးသတ် အားနည်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒရော့ဘာနဲ့ လမ်းပတ်တို့ ဂိုးသွင်းအားကောင်းသလို အဲဗာတန်မှာ ဆာဟာနဲ့ ဘိုင်နက်စ်တို့လည်း ဂိုးသွင်း ထက်မြက်သူတွေပါပဲ။ အဲဗာတန်ဟာ ခြေပေါ်ရင် ကစားရခက်ပေမယ့် နိုင်ပွဲမွတ်သိပ်နေတဲ့ ချယ်လ်ဆီးရဲ့ ပေါက်ကွဲမှုကို တားဆီးနိုင်စွမ်းရှိမယ်လို့ မထင်ပါဘူး။

လီဗာပူးနှင့်အာဆင်နယ်

နှစ်သင်းစလုံးရမှတ်တွေ လိုအပ်နေတာမို့ ခြေကုန်ထုတ်ကြမယ့်ပွဲပါပဲ။ လီဗာပူးဟာ အိမ်ကွင်းမှာမဖြစ်မနေ အနိုင်ရအောင် ကစားရမှာမို့ တောရက်စ်နဲ့ ဂျရတ်တို့ကိုပဲ ဘင်နီတက်ဇ်အားကိုးရမှာပါ။ အာဆင်နယ်ကတော့ အသင်းကြီးနဲ့တွေ့တိုင်း ခြေမငြိမ်တတ်တာမို့ အာစင်ဝင်းဂါးရဲ့ ပွဲထွက်ကစားသမားအခင်းအကျင်းက အရေးပါနေပါတယ်။ ဗန်ပါစီမပါရင် ရလဒ်မကောင်းတတ်တဲ့ အာဆင်နယ်ဟာ လက်ရှိရပ်တည်မှု အနေအထားက မကျအောင် ဖာဘရီဂတ်စ် ဦးဆောင်ကစားရမှာမို့ ပရိသတ်အားနဲ့အတူ ဧည့်ခံမယ့် လီဗာပူးဟာ ကံကောင်းမှ ရလဒ်ကောင်းမယ်လို့ ယူဆပါတယ်။

ဘော်လ်တန်နှင့်မန်စီးတီး

ချယ်လ်ဆီးကို အနိုင်ကစားထားတဲ့အတွက် မန်စီးတီးတို့ စိတ်ဓာတ်တက်ကြွနေတာတော့ အမှန်ပါပဲ။ ဒီနှစ်မှာ တိုက်စစ်မှူး တေလာနဲ့ ဒေးဗစ်တို့လည်း ဂိုးသွင်းအားတွေ ကျဆင်းနေပြီး နိုင်ပွဲတွေ ပျောက်ဆုံးနေပါတယ်။ မန်စီးတီးဟာ အဝေးကွင်းမှာ သရေပွဲတွေများတတ်တာမို့ အမှတ်လိုအပ်နေတဲ့ ဘော်လ်တန်တို့ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားရင် မန်စီးတီးတို့ အခက်တွေ့နိုင်ပါတယ်။ ဒါပေမယ့် လက်ရှိအနေအထားမှာ ကစားအားတက်နေတဲ့ မန်စီးတီးကို ပိုကြိုက်ပါတယ်။

မန်ယူတိုက်စစ်မှူး ရွန်နေ။

ဘန်လေနှင့်ဖူလ်ဟမ်

စတီဖင်ဖလက်ချာနဲ့ အက်လက်စ်တို့ကြောင့် ရလဒ်တွေ ကောင်းနေတဲ့ ဘန်လေဟာ အိမ်ကွင်းမှာတော့ ခြေစွာတာ အမှန်ပါပဲ။ ဖူလ်ဟမ်ဟာ အဝေးကွင်းရလဒ်မကောင်းပေမယ့် ဒမ်ပဆေးနဲ့ ဇာမိုရာတို့ ခြေပေါ်ရင်တော့ ဘန်လေတို့ မျှော်လင့်ချက်ပြည့်ဝနိုင်မှာတော့မဟုတ်ပါဘူး။ ဒါပေမယ့် ဘန်လေဟာ အိမ်ကွင်းမှာ အလေးထားကစားတတ်တာမို့ ဖူလ်ဟမ်တို့ အမြင့်ဆုံး မျှော်မှန်းနိုင်တာက သရေလို့ထင်ပါတယ်။

စပါးနှင့်ဝုဖ်

တိုက်စစ်မှူး ဒီဖိုးရဲ့ ဂိုးသွင်းအားကြောင့် စပါးတို့လည်း ရပ်တည်မှုကောင်းနေပါတယ်။ စပါးမှာ ဒီဖိုးနဲ့လီနွန်တို့က အဓိကစွမ်းဆောင်ရှင်တွေ ဖြစ်နေပြီး ပွဲရလဒ်ကို ပြောင်းလဲနိုင်တဲ့သူတွေ ဖြစ်ပါတယ်။ ဝုဖ်ကတော့ ဒီနှစ်မှာ တန်းမဆင်းရရေး ရုန်းကန်ရမှာမို့ ကရက်ဒေါ့စ်နှင့် ဘာရာအားနဲ့ စပါးကို ခံကစားမှာပါ။ ဒါပေမယ့် ခြေတက်နေတဲ့ စပါးဟာ ဝုဖ်ကို အမှတ်မပေးဘဲ အိမ်ပြန်ခိုင်းမယ်လို့ ယုံကြည်ပါတယ်။

စတုတ်နှင့်ဝီဂန်

စတုတ်ဟာ တိုက်စစ် မထက်မြက်ပေမယ့် အသင်းလိုက်စုစည်းမှု အားကောင်းတာမို့ အိမ်ကွင်းမှာ နိုင်ပွဲရတာ များနေပါတယ်။ ဝီဂန်တို့ကတော့ ရိုဒါလီဂါ ဂိုးသွင်းနိုင်ရင် ရလဒ်ကောင်းပေမယ့် ခြေမမှန်တာမို့ ဒီပွဲမှာ အကျပ်အတည်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ဒါပေမယ့် ဝီဂန်တို့ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားရင် ရလဒ်က ညီမျှခြင်းဖြစ်သွားနိုင်ပါတယ်။

ဘာမင်ဂမ်နှင့်ဝက်စ်ဟမ်း

လီဘောင်ယာ၊ လာဆင်တို့ ခြေစွမ်းပြနေတဲ့ ဘာမင်ဂမ်ဟာ ဝီဂန်ကို အဝေးကွင်းမှာ အနိုင်ကစားခဲ့တဲ့ ခြေစွမ်းမျိုးသာရရင် ဝက်စ်ဟမ်းကို နိုင်ပွဲရနိုင်ပါတယ်။

ဒါပေမယ့်ဝက်စ်ဟမ်းမှာ ချာတန်ကိုးလ်တို့အုပ်စု ခြေပေါ်ခဲ့ရင်တော့ ဘာမင်ဂမ်တို့ သိပ်တော့မလွယ်ပါဘူး။ ဘာမင်ဂမ်တို့ ခက်ခက်ခဲခဲကြိုးစားရမယ့်ပွဲပါပဲ။

ဟူးလ်စီးတီးနှင့်ဘလက်ဘန်း

တန်းဆင်းဇုန်ထဲ မရောက်အောင် ဟူးလ်စီးတီးတို့ ကြိုးစားမယ့်ပွဲပါပဲ။ ဒေးဗစ်ဒွန်နဲ့ရောဘတ်တို့ ဒီနှစ်မှာ အဝေးကွင်း ခြေမပေါ်တာမို့ ဘလက်ဘန်းတို့ ရလဒ်မကောင်းဘဲဖြစ်နေပါတယ်။ ဒီပွဲမှာ အိမ်ရှင် ဟူးလ်စီးတီးတို့ အမှတ်ရအောင်ယူမှာမို့ ဘလက်ဘန်းတို့ တစ်မှတ်ရအောင် အားကုန်ထုတ်ရမယ်လို့ ထင်ပါတယ်။

ဆန်းဒါးလန်းနှင့်ပို့စ်မောက်

ဒီနှစ်မှာ တိုက်စစ်မှူး ဒါရင်ဘင့်တို့ ဂိုးတွေသွင်းနိုင်နေလို့ ဆန်းဒါးလန်း အခြေအနေ ကောင်းနေပါတယ်။ ခြေပျက်နေတဲ့ ပို့စ်မောက်ဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၅)မှာ ဘန်လေကို နှစ်ဂိုးပြတ်သွင်း အနိုင်ယူထားတာမို့ ဒီပွဲမှာ တန်းဆင်းဇုန်ကလွတ်မြောက်ရေး ခြေကုန်ထုတ်ပြီး နိုင်ပွဲရအောင် ကြိုးစားမှာသေချာပါတယ်။ ဆန်းဒါးလန်းတို့ အားသာပေမယ့် ပို့စ်မောက်ကို လျှော့တွက်လို့မရပါဘူးလို့ သုံးသပ်ရပါတယ်။ ။

ကိုးကား-အင်တာနက်

ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်များယှဉ်ပြိုင် တိုက်စစ်မှူးအိုဝင် မန်ယူအတွက် ဟက်ထရစ်ဂိုးသွင်းယူနိုင်

မြင့်မောင်စိုး
စုစည်းရေးသားသည်

လန်ဒန် ဒီဇင်ဘာ ၉

ချန်ပီယံလိဂ်အုပ်စု ပတ်လည်နောက်ဆုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၉ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက ဂျာမနီကလပ်ဝုဖ်ဘတ်ကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အုပ်စုဗိုလ်ရရှိကာ နောက်ဆုံး၁၂သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲ၏ ထူးခြားချက်မှာ မန်ယူတိုက်စစ်မှူး မိုက်ကယ်အိုဝင် ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ တိုက်စစ်မှူးမိုက်ကယ်အိုဝင်သည် ယင်းပြိုင်ပွဲတွင် ပွဲအစမှ ပါဝင်ကစားခွင့်ရခဲ့ပြီး ပထမပိုင်းပွဲပြီးရန် တစ်မိနစ်အလို၌ တစ်ဂိုး၊ ဒုတိယပိုင်းပြီးရန် ၁၀မိနစ်အလိုတွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ တိုက်စစ်မှူးမိုက်ကယ်အိုဝင်အား ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့မှုကြောင့် နည်းပြကြီးဖာဂူဆန်က ပြိုင်ပွဲအပြီး ချီးကျူးစကား ဆိုခဲ့သည်။

မန်ယူနှင့်တစ်အုပ်စုတည်း ရုရှားကလပ် စီအက်စ်ကေအေ မော်စကိုက တူရကီကလပ် ဘက်ရှီးတပ်စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။

အုပ်စု(က)မှ ဘိုင်ယန်မြူးနစ်အသင်းသည် ဂျူဗင်းတပ်စ်အိမ်ကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ စီးရီးအေကလပ် ဂျူဗင်းတပ်စ်အုပ်စုအဆင့်မှ ထွက်သွားရပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ်နှင့် တစ်အုပ်စုတည်းကျသည့် ပြင်သစ်ကလပ်ဘော်ဒိုးက အစ္စရေးကလပ် မက္ကာဘီဟိုင်ဖာကို တစ်ဂိုး-ဂိုး မရှိဖြင့်နိုင်ခဲ့သည်။ ဘော်ဒိုးသည် ခြောက်ပွဲကစားရာတွင် ငါးပွဲနိုင်၊ တစ်ပွဲသရေဖြင့် အုပ်စုဗိုလ်ရရှိကာ နောက်ဆုံး ၁၂သင်းပြိုင်ပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အုပ်စု(ဂ)

နာမည်ကြီး ရီးရဲမက်ဒရစ်က ပြင်သစ်ကလပ်မာဆေး၏အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ အုပ်စုဗိုလ်ရပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် စီရိုနယ်ဒိုက ရီးရဲမက်ဒရစ်အတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုချီးမြှင့်ရန် နီးကပ်လာချိန်တွင် စီရိုနယ်ဒိုက သူ၏ဂိုးသွင်းစွမ်းရည်ကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ ရီးရဲမက်ဒရစ်နှင့် တစ်အုပ်စုတည်းကျသည့် အေစီမီလန်နှင့် အက်ဖ်စီဇူးရစ်တို့ပွဲမှာ တစ်ဖက် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ သို့သော် အေစီမီလန်က အုပ်စုဒုတိယရပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

မန်ယူအတွက် မိုက်ကယ်အိုဝင်က ဝုဖ်ဘတ်ဘက်သို့ ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။

အုပ်စု (ဃ)

ချယ်လ်ဆီးက အိမ်ကွင်းစတန်းဖို့ဒ်ဘရစ်ချ်၌ ဆိုက်ပရပ်စ်ကလပ် အေပိုးလ်အား လက်ခံကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ ဧည့်သည်အသင်း အေပိုးလ်က ပွဲစပြီး ခြောက်မိနစ်အကြာ ဦးဆောင်ဂိုး စသွင်းသည်။ ယင်းဂိုးကို အေပိုးလ်ကစားသမား ဇူလာကော်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၁၉ မိနစ်တွင် အက်ဆီယံက ချယ်လ်ဆီးအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ယင်း ဂိုးသွင်းပြီး မကြာမီ တိုက်စစ်မှူး ဒရော့ဘာက ချယ်လ်ဆီးအတွက် ဒုတိယဂိုးသွင်းခဲ့သည်။ သို့သော်လည်း အေပိုးလ်ကစားသမား မိုရိုကာဂျီဗစ်က ပွဲပြီးရန် ၁၀ မိနစ်အလိုတွင် ချေပဂိုး သွင်းယူခဲ့သဖြင့် တစ်ဖက်နှစ်ဂိုးစီ သရေပွဲ ဖြစ်သွားခဲ့သည်။ ယင်းအုပ်စုမှ ချယ်လ်ဆီးနှင့် ပေါ်တူဂီကလပ်ပေါ်တိုတို့က နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ ။

(အင်တာနက်)

✻ ကျော်ဖုံးမှ

ပြီးခဲ့သည့်နှစ် မေလ ၅ရက် နာဂစ်မုန်တိုင်းအပြီး ပြန်လည်ထူထောင်ရေးကာလများတွင် တာဝန်အရ ကျွန်တော် အကြိမ်ကြိမ်ရောက်ခဲ့သည်။ ပြန်လည်ထူထောင်ပြီး အသားကျကာလမှာလည်း ရောက်ခဲ့သည်။ ယခုတစ်ကြိမ် များစွာတိုးတက်ပြောင်းလဲနေသည်ဟုသိရ၍ ထပ်မံလာခဲ့ခြင်းပင်ဖြစ်ပါသည်။ ကျွန်တော် ပြန်လည် မြင်ယောင်မိပါသေးသည်။ ယခင် ထူထောင်ရေးကာလတွင် ရေတစ်တန်၊ ကုန်းတစ်တန်၊ ဆိုင်ကယ်တစ်ဖုံ၊ ထွေလာဂျီစီး၍ ခရီးမျိုးစုံ၊ ရွာအစုံစုံကို သွားခဲ့ရပေသည်။ နေအိမ်အသစ်များ ပြန်လည်တည်ဆောက်ပေးခြင်း၊ မြို့ကွက်ရိုက်ခြင်း၊ စိုက်ပျိုးရေး၊ ပညာရေး၊ မွေးမြူရေး၊ ကမ်းနီးကမ်းဝေး ငါးဖမ်းရေး၊ ကျန်းမာရေးကိစ္စရပ်များကို ဘက်ပေါင်းစုံ စီစဉ်ဆောင်ရွက်ခဲ့ရပေသည်။ နယ်မြေတာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး၏ ညွှန်ကြားချက်အတိုင်း တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြ၍လည်း တစ်နှစ်ဆိုသော အတိုင်းအတာအတွင်း အိုးအိမ်၊ ဘုရား၊ ကျောင်းကန်မှအစ စာသင်ကျောင်း၊ ဆေးရုံအဆုံး လမ်းတံတားများ အပါအဝင် အလွန် လျင်မြန်စွာပြောင်းလဲတိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော့်အား ပြောပြခဲ့သော ကျောက်ကလပ်၊ ကုန်းသာယာရွာသူကြီး ဦးစိုးချစ်၏ "အရင်ကနှင့်မတူ အခုတော့ တစ်မူပြောင်းလို့ ပျော်စရာကောင်းလှပါပြီနော်" ဆိုသည့် သီချင်းသံလေးကို ပြန်လည်ကြားယောင်လာခဲ့မိပါသည်။ ကျွန်တော် ပြုံးလိုက်မိပါသည်။ ခုဘယ်လောက် တိုးတက်နေပြီလဲ ကျွန်တော်ပြန်လည် တွေ့ချင်၊ မြင်ချင်မိပါသည်။

လေပြင်းလေးတစ်ချက် ပြင်းပြင်းလေး တိုက်လိုက်သည်ဟု ထင်ပါသည်။ လှိုင်းလေ အသင့်အတင့် ကြီးလာခဲ့ပါသည်။ သင်္ဘောအနည်းငယ် လှုပ်သွားခဲ့ပါသည်။ ကျွန်တော့် အတွေးများလည်း သင်္ဘောပေါ်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ လမ်းတစ်လျှောက်လုံး ဆိုက်ကပ်ခဲ့သော သင်္ဘောသည်လည်း နံနက် ၇ နာရီတွင် ချောင်းဝသို့ ဆိုက်ကပ်ခဲ့ပါသည်။ မှန်ပါသည်။ ယခင်က တွေ့ခဲ့ရသော ချောင်းဝနှင့်လုံးဝမတူအောင် ခြားနားခဲ့ပေသည်။ ချောင်းဝ ဆိပ်ကမ်းတံတားပေါ် ရောက်သည်နှင့် လမ်းဘေးဝဲယာမှ P.C.O တယ်လီဖုန်းများ၊ ကုန်မျိုးစုံဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင် စသည်ဖြင့် စုံလှပါသည်။ မိတ်ဟောင်းဆွေဟောင်းများကိုလည်း နှုတ်ဆက်ရပါသေးသည်။ သူတို့အားလုံးရဲ့မျက်နှာမှာ အပြုံးတွေ ကိုယ်စီနှင့်ပါ။

ယခင်ကနှင့်မတူတာ အမှန်ပင် ဖြစ်ပါသည်။ လမ်းဘေးဝဲယာ လမ်းကြားမှအစ အိမ်များအားလုံး သစ်လွင်တောက်ပခဲ့လေပြီ။ ယခင် ငါးလခန့်က လာတုန်းကနှင့်လုံးဝမတူ အသွင်ထူး၍ လှပနေခဲ့ပေပြီ။ ရွာလမ်းမကြီးလည်း ယခင်က ၁၈ပေခန့်သာရှိပေမည်။ ယခု၂၄ပေ အကျယ်နှင့် ချိုင့်ခွက်၊ ဗွက်၊ ရေအိုင်များ လုံးဝမရှိဘဲ ညီညာစွာဖို့လို့ ဘေးဝဲယာ စည်းရိုးများသည်ပင် ဝါးထရံကွက်ကျား ထုံးဖြူဖြူဖွေးလို့ လွန်စွာပင် ပနံရလျက်ရှိပါသည်။ ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ပင် မဟုတ်ပါလား။ ဒါ့ကြောင့်မို့ ထင်ပါသည်။ လမ်းဘေးဝဲယာတွင် ရွာအထွက်အထိ ဝါးနှင့်သပ်ရပ်စွာ ထောင်ထားသော ဆီမီးတိုင်ခွက်လေးများက မျက်စိတစ်ဆုံးပင်။ ထို့အတူ ရွာသားများ၏အပြုံးကလည်း ဤယနေ့အဖို့ အလွန်ကျက်သရေရှိလှသည်ဟု ကျွန်တော်ထင်မိပါသည်။ လမ်းလျှောက်ရင်း တွေ့ရပါသည်။ ယခင် နာဂစ်ဖြစ်စဉ် ပြိုပျက်ခဲ့သော အထက ချောင်းဝ၏ ကျောင်းဆောင်ဟောင်းလေး နေရာတွင် ရွှေသံလွင် ကုမ္ပဏီက တည်ဆောက်ထားသော နှစ်ထပ် RC ကျောင်းဆောင်သစ်ကြီး ယခုတော့ စက်မှုလက်မှု အထက်တန်းကျောင်းအဖြစ် ပြောင်းလဲ ဖွင့်လှစ်ခဲ့ပေသည်။ မကြာမီ စက်မှုလက်မှု ပညာရှင်လေးများကို မွေးထုတ်နိုင်တော့ပေမည်။ ထို့အတူ ပိုမိုထူးချွန်သူများလည်း အဆင့်မြင့် အင်ဂျင်နီယာ ဘာသာရပ်များကို ဆက်လက်ပေါင်းကူး သင်ကြားနိုင်မည်ဖြစ်ပြီး ဤနေရာ၊ ဤဒေသအတွက် အဖိုးမဖြတ်နိုင်သည့် လူသားအရင်းအမြစ်ဖြစ်သော အင်ဂျင်နီယာလေးတွေ ပေါ်ပေါက်လာတော့မည် ဖြစ်ပါသည်။

အမှန်တော့ ဧရာဝတီတိုင်းသည် မြန်မာပြည်၏ အနောက်တောင်ဘက်တွင် တည်ရှိသော ထမင်းအိုးတစ်ခုပင် ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသော မြစ်ဝကျွန်းပေါ်ဒေသပင် ဖြစ်ပါသည်။ မြစ်ချောင်းအင်းအိုင်များ၊ မြေနုကျွန်းပေါ်များ၊ ပင်လယ်ပြင်နှင့် တစ်ဆက်တစ်စပ်တည်း စုပေါင်းသဘာဝအရင်းအမြစ်များသည် အဖိုးမဖြတ်နိုင်သော သဘာဝ၏ သယံဇာတများပင် ဖြစ်ပါသည်။ ဤဒေသမှ တောင်သူ၊ ဆားလုပ်ငန်း၊ ရေလုပ်ငန်းရှင်များသည် ရိုးသား၍ ပွင့်လင်းကြပြီး မိမိအိမ်၊ စက်ယန္တရား၊ လက်မှုရေတံကင်၊ စက်တပ်လှေ ပြုပြင်မှုမှအစ အိမ်တွင်းမှုလုပ်ငန်းအားလုံးကို အဆင့်ဆင့်သော ငပုတော၊ လပွတ္တာ၊ ပုသိမ်မြို့ကြီးများမှ သိကျွမ်း၊ တတ်ကျွမ်းသူများနှင့် စရိတ်ကုန်၊ ငွေကုန်ဖြင့် ခေါ်ယူတည်ဆောက်ရပေသည်။ ယခု နိုင်ငံတော်၏ကျေးဇူးကြောင့် အခြေခံအစ စက်မှုလက်မှု အထက်ကျောင်းတွေ ပေါ်ပေါက်ခဲ့လေပြီ။ ဤမှစ၍ ပေါင်းကူး အင်ဂျင်နီယာကျောင်းသား ကျောင်းသူများ ဒေသခံများစွာဖြစ်ထွန်းလာဦးမည် ဖြစ်ပါသည်။ သို့ဖြစ်၍လည်း ဤကျောင်းမှအစ ဒေသတစ်ခုလုံး၏ စားဝတ်နေရေးတွင်လည်း များစွာတိုးတက်လာဦးမည်ဖြစ်ပါသည်။ ကျွန်တော်ကျေနပ်စွာ ပြုံးလိုက်မိပါသည်။

ကျွန်တော်တို့အဖွဲ့သည် ချောင်းဝမှ ထွက်လာရာ ယခင်သပြေငူ၊ ယခု ကံထူးသာယာကျေးရွာသစ်၊ အိမ်ခြေ ၅ဝသို့ ရောက်ခဲ့ပါသည်။ ယခင်က လမ်းဘေးကွင်းလွင်ပြင်မှာ အိမ်ကလေးတွေ တန်းစီလို့ ဖြစ်ပါသည်။ ယခုတော့ ပန်းမျိုးစုံ၊ စားပင်၊ သီးပင်၊ အရိပ်ရအပင်များနှင့် စိမ်းစိုလှပနေသော ရွာလေးဖြစ်နေချေပြီ။ တစ်ပိုင်တစ်နိုင်မှသည် ဈေးကွက်ဆီသို့ ဟူသော ဆောင်ပုဒ်အတိုင်း ဆောင်ရွက်နိုင်ကြပါသည်။ ရွာထိပ်က မူလတန်းကျောင်းမှာ နှစ်ထပ် RC ဖြစ်ပြီး ရွာနှင့်အတူ ခံ့ညားလှပပေသည်။ နောင်ဖြစ်လာမည့် လေဘေးအတွက် ဤတစ်ရွာလုံး ခိုအောင်းနိုင်သော နေရာကောင်းပင် ဖြစ်ပါသည်။ ရွာအရှေ့ဘက် စပါးကွင်းမှာလည်း ပြင်ခရိုင်အထိ တစ်ဆက်တစ်စပ်တည်း စိုပြည်လျက်၊ ဝင်းမှည့်လျက် စပါးတောင်လိုပုံနေခဲ့ပါသည်။ ရွှေသံလွင်ကုမ္ပဏီက ဆောက်လုပ်နေသော Cyclone Shelter လေမိုးဒဏ်ခံ လူ ၅၀၀ဆံ့ အဆောက်အအုံကြီးကို စပါးခင်းများရဲ့အလယ်တွင် ဆောက်လုပ်စထည်ဝါခံ့ညားစွာဖြင့် တွေ့မြင်လိုက်ရပါသည်။ ချောင်းဝနှင့်လည်း ၂မိုင်ခန့်ပင်ရှိ၍ နောင်နာဂစ်ဖြစ်လာခဲ့လျှင် ဤဆိုင်ကလုံး ရှက်တာက ဤကျေးရွာလူများအားလုံး၏ အသက်ကိုကာကွယ်ပေးပါလိမ့်မည်။ ဆိုင်ကလုံး ရှက်တာတစ်ခု၏ အင်္ဂါရပ်များတွင် ရေကန်၊ ရေကာတာ၊ လေမိုးဒဏ်ခံအဆောက်အအုံ အားလုံးပါဝင်ပေသည်။ နိုင်ငံတော်က သေချာစွာ တွက်ချက်၍ ပုံစံဒီဇိုင်းရေးဆွဲဆောက်လုပ်ထားခြင်းကြောင့် မိုးဒဏ်၊ လေဒဏ်၊ ရေဒဏ်များကို အကာကွယ်ပေးသွားမည်ဖြစ်ပါသည်။ လူ ၅၀၀ဆံ့ ဆိုင်ကလုံးရှက်တာ၏ အချိုးအစားများကိုလည်း အောက်ပါအတိုင်း လေ့လာတွေ့ရှိခဲ့ရပေသည်-

အလျား ၁၃၅ပေ၊ အနံ ၁၃၅ပေ၊ အမြင့် မြေပြင်မှ ၁၇ပေ (မြေညီထပ်)၊ ထိုမှ ၁၄ပေ (ပထမထပ်)တည်ဆောက်ထားပါသည်။ ၎င်းအဆောက်အအုံအား မြေငလျင်ဒဏ်နှင့် ဒီရေတက်ခြင်းတို့မှ ခံနိုင်အောင် ဒီဇိုင်းဆွဲပြီး တည်ဆောက်ထားပါသည်။ ယင်းအဆောက်အအုံအနီးတွင် အဆောက်အအုံကိုကာရန် သက်ကယ်ကုန်းမြင့်နှင့်အတူ ရေကန်ကိုပါ တည်ဆောက်ထားပြီး ၎င်းရေကန်မှာ အရေးပေါ်ကာလတွင် သောက်သုံးရေ ရရှိရန်နှင့် သက်ကယ်ကုန်းမြင့်သည် ကျွဲ၊ နွားတိရစ္ဆာန်များ သယ်ဆောင်နိုင်ရန် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

ယင်းအဆောက်အအုံ ဆောက်လုပ်ခြင်း၏ ရည်ရွယ်ချက်မှာ ပုံမှန်အခြေအနေတွင် စက်မှုလက်မှုအထက်တန်းကျောင်း၊ စာသင်ကျောင်း၊ ဆေးရုံအဖြစ် ဖွင့်လှစ်နိုင်ရန် တည်ဆောက်ခြင်းဖြစ်ပြီး မုန်တိုင်းတိုက်ခတ်လာပါက လူအများခိုနားနိုင်ရန်အတွက် ရှက်တာအဖြစ် အသုံးပြုနိုင်ရန် ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။

ဤချောင်းဝ ပြင်ခရိုင်ဒေသတွင် လူ ၅၀၀ဆံ့ ဆိုင်ကလုံးရှက်တာ နှစ်လုံး တည်ဆောက်လျက်ရှိပေသည်။ အဆောက်အအုံနှစ်လုံးစလုံး ၂၀၁၀ ခုနှစ် ဇန်နဝါရီလကုန်တွင် ရာနှုန်းပြည့် ပြီးစီးသွားမည်ဖြစ်ပါသည်။ အဆောက်အအုံ ကျယ်ဝန်းမှုကြောင့် ရာသီသုံးခုစလုံးတွင် စက်မှုလက်မှု အထက်တန်းကျောင်း၊ စာသင်ကျောင်းများအဖြစ် ဖွင့်လှစ်ပြီး မိုးရာသီတွင် မိုးဒဏ်၊ လေဒဏ်ပြင်းထန်ခဲ့လျှင် မိုးခို၊ လေခို အသက်ကယ်ကျောင်းအဖြစ် ပြောင်းလဲသွားမည် ဖြစ်ပေသည်။

ခိုင်မာသော၊ ခိုင်ခံ့သော သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ပိုင်ရိုက်၍အမာခံယူပြီးနိုင်ငံတော်က အရည်သွေးစစ်အဖွဲ့များဖြင့် စနစ်တကျစစ်ဆေး၍ တည်ဆောက်ထားခြင်းကြောင့်လည်း ဤဒေသနှင့်လွန်စွာ တန်ဖိုးရှိ၍ လိုက်ဖက်လှသော ဘက်စုံသုံး အဆောက်အအုံတစ်ခုပင် ဖြစ်ပါသည်။

လမ်းတစ်လျှောက်လုံး ကျွန်တော်ငေးကြည့်လာခဲ့ပါသည်။ ပြင်ခရိုင်သို့ ရောက်တော့ နံနက် ၁၀နာရီ ရှိနေပါပြီ။ ပြင်ခရိုင်အဝင်တွင် ယခင်သစ်သားတံတားကို ဖျက်၍ သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် ဘေလီသံပေါင်တံတားအဖြစ် တည်ဆောက်ရန် လုပ်ငန်းများ စတင်ဆောင်ရွက်နေလေပြီ။ ၂၀၁၀ နှစ်ဆန်းတွင် ပြီးမည်ဖြစ်ပါသည်။ ပြင်ခရိုင်ကျေးရွာဟုပင် သိသော်လည်း မြို့နှင့်မခြားပါလေ။ ညီညာဖြောင့်ဖြူးနေသော ရွာလယ်လမ်းမနှင့် ဘေးဝဲယာရှိ ဈေးဆိုင်တန်းများက ဤဒေသ၏ အချက်အချာကျသောနေရာတစ်ခုဟု ဖော်ပြနေလေသည်။ ရေလုပ်ငန်း၊ လယ်လုပ်ငန်း၊ ဆားလုပ်ငန်းတို့၏ လိုအပ်သော ပစ္စည်းမျိုးစုံ၊ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုပ်၊ ကြက်သွန်၊ ကုန်မျိုးစုံတို့ကို ဤနေရာတစ်ခုတည်းနှင့်ပင် ဝယ်ယူ၍ ရနိုင်ပေသည်။

ဤပြင်ခရိုင်၏ အဝေးဆုံး ကျောက်ကလပ်ကျေးရွာပင် ၁၀မိုင် မရှိတတ်။ သို့ဖြစ်၍ ပစ္စည်းဝယ်ယူလိုသူများသည် ဤပြင်ခရိုင်ကျေးရွာတွင် လာရောက်ဝယ်ယူလေ့ရှိကြပြီး ဆိုင်ရာကျေးရွာများတွင် အိမ်ဆိုင်လေးများဖွင့်၍ ပြန်လည်ရောင်းချကြလေပြီ။ ဤပြင်ခရိုင် ကျေးရွာတွင် သင်္ဘောဆိပ်၊ ဆေးပေးခန်း၊ အထက်တန်းကျောင်း၊ ရဲစခန်း စသည့်အဆောက်အအုံအားလုံး အစုံအလင်ပင် ရှိပေသည်။ ထို့အပြင် ပြင်ခရိုင် အထက်တန်းကျောင်းသည်လည်း ဤနယ်မြေ၏ အခြေခံပညာ အထက်တန်း စာစစ်ဌာနတစ်ခုပင်ဖြစ်၍ ဤဒေသ၏ အဓိက နေရာလေးပင် ဖြစ်ပါသည်။ ယခင် နာဂစ်အလွန်နှင့် ယခု ပြင်ခရိုင်သည် လွန်စွာခြားနား၍ အသစ်သစ်တို့၏ ဖူးပွင့်ဝေဆာမှုနှင့်အတူ သဘာဝနှင့် အလှချင်းပင် ပြိုင်နေသည်ဟု ထင်နေမိသည်။

ကျွန်တော်တို့အဖွဲ့သည် ပြင်ခရိုင်မှ သာယာကုန်း၊ ဒီဒူးကုန်း၊ ၎င်းမှ ကျောက်ကလပ်၊ ၎င်းမှ ကုန်းသာယာကျေးရွာသစ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိခဲ့ကြပါသည်။ လမ်းတစ်လျှောက်ရှိသော ကျေးရွာလေးများမှာ သစ်လွင်တောက်ပနေသလို မူလတန်း စာသင်ကျောင်းများအားလုံး လိုလို နှစ်ထပ် (RC) ကျောင်းများအဖြစ် တည်ဆောက်ပြီး ကျောင်းသားလေးများ၏ စာသင်သံများပင် ကြားနေရပြီ ဖြစ်ပါသည်။ ကျွန်တော် ဝမ်းသာမိပါသည်။ မုန်တိုင်းကာလအတွက် မိုးဒဏ်၊ လေဒဏ်တော့ ကောင်းစွာ ခံနိုင်ချေပြီ။ နိုင်ငံတော်နှင့် နိုင်ငံတော်အကြီးအကဲ၏ စေတနာသည် ပြည်သူများအပေါ် ကြီးမားလှပေသည်။ ထို့အတူ လမ်းဘေးဝဲယာတွင် အောင်မြင်ဖြစ်ထွန်း သီးပွင့်ရင့်မှည့်နေသော စပါးခင်းများ၊ ခပ်လှမ်းလှမ်းတွင်တွေ့မြင်ရသော ပင်လယ်ပြာနှင့် ကမ်းစပ်၊ အုန်းပင်တန်းများ၊ လမ်း၏ ဘေးဝဲဘက်တွင် တွေ့မြင်ရသော ဆားကွင်းများ၊ ဆားဂိုဒေါင်ကြီးများသည် ယခင်ကလို မဟုတ်တော့၊ အချို့မှာ RC သံကူကွန်ကရစ် အဆောက်အအုံကြီးအဖြစ် ပြောင်းလဲနေခဲ့ပေပြီ။ တစ်နှစ်တာကာလအတွင်း နိုင်ငံတော်ဈေးငွေအဖြစ် ဆားရာသီတွင်စခဲ့ပြီး ကြိုးစားမှု၏ ရလဒ်အဖြစ် ဆားအသီးအပွင့်များ တွေ့မြင်လာခဲ့ပေသည်။ အောင်မြင်ဖြစ်ထွန်းမှုနှင့်အတူ ဆားဈေး ဈေးဦးကောင်းခဲ့သဖြင့် ယခုလို အဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် ချေးငွေများ အရစ်ကျပြန်လည်ပေးဆပ်သည့် အဆင့်သို့ပင် ရောက်ခဲ့ကြလေပြီ။ တစ်ဆက်တည်းပင် ဒီဒူးကုန်းကျေးရွာလေး၏ ငါးဒိုင်တွင်လည်း ပင်လယ်ငါးမျိုးစုံ ငါးသလောက်၊ ပုစွန်များအား ရောင်းဝယ်ခြင်းဖြင့် ပြုံးရွှင်နေသော ရေလုပ်သားများကိုလည်း တွေ့ရှိရပေသည်။ သြော်.... စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းတို့ဖြင့် ဘဝကို ပီပီပြင်ပြင် ပြန်လည်ထူထောင်နိုင်ပြီဖြစ်တဲ့ ဤဒေသပြည်သူများ၏ အပြုံးများကလည်း လာစမ်းပါစေ အခက်အခဲတွေ၊ တို့တစ်တွေ နိုင်ငံတော်ရဲ့ အားပေးကူညီမှုနှင့်အတူ အမြဲကျော်လွှားသွားကြမယ်လို့များ သန္နိဋ္ဌာန်ချထားလေသလားမသိ။ တည်ကြည်ခံ့ညားပြတ်သား၍ နေပေပြီ။ တက်နေရောင်နှင့်အတူ သူတို့၏ဘဝ ထွန်းသစ်စလက်ခဲ့သို့ အေးမြတဲ့အလှကား စာဖွဲ့ရန်ပင် မရှိတော့ပါပေ....။

သို့နှင့်ပင် ကျွန်တော်တို့ အဖွဲ့သည် ကျောက်ကလပ်ကျေးရွာသို့ ရောက်ခဲ့ကြပေပြီ။ ကျောက်ကလပ် ကျောက်တောကြောကြီးသည် အရိုးပေါ်အရွက်မဖုံးတော့ပေ။ အိုးသစ်၊ အိမ်သစ်၊ လမ်းသစ်တွေနှင့်အတူ၊ တန်ဆောင်မုန်းလပြည့် ညအလှနှင့်အတူ လျှပ်စစ်မီးရောင် တထိန်ထိန်ဖြင့် ပင်လယ်ပြင်နှင့် အလှချင်း ပြိုင်လျက်ပါလား။ ကျောက်ချောင်းလမ်း၏ ဘေးဝဲယာ တစ်လျှောက် စိုက်ပျိုးထားသော ယူကလစ်ပင်တန်းများပင် တစ်မိုးရာသီနှင့် ပေ ၂၀ ကျော်ခန့် မြင့်ကုန်ပေပြီ။ စတင်တွေ့ရသည်က ကျေးရွာတိုက်နယ် ကျေးလက်ကျန်းမာရေးဌာန၊ လမ်းဘေး အစီအရီ ထပ်ဆောက်ထားသော ပျဉ်ကာ၊ သွပ်မိုး ပုံစံတူ အိမ်ကလေးများနှင့်အတူ ယူကလစ်တောများ ဖုံးလွှမ်းနေသော ကုန်းသာယာ ကျေးရွာတို့၏ အလှသည် မြင်မြင်သမျှတွင် အလှဆုံးပင် ဖြစ်မည်ဖြစ်ပါသည်။

အိမ်တိုင်းတွင် စိုက်ပျိုးထားသော နှစ်ရှည်အုန်းပင်များ၊ ဒန့်သလွန်ပင်များနှင့်အတူ ရာသီသီးနှံများမှာလည်း ယခုအခါ မီးဖိုချောင်ကို လုံသင့်သလောက် လုံသည့်အပြင် တစ်ပိုင်တစ်နိုင်မှသည် ဈေးကွက်ဆီသို့ပင် ရောက်ရှိနေခဲ့ကြလေပြီ။ အသိပညာ၊ အတတ်ပညာတို့ကား တစ်ချိန်တည်း၊ တစ်ပြိုင်တည်းပင် ပြောင်းလဲတိုးတက်လာမှုများသည် ယုံနိုင်စရာပင် မထင်ပါပေ။ ကျေးရွာအကွက်ချပုံစံကို လေ့လာလျှင်လည်း တိုက်နယ်ဆေးရုံ၊ မြေနေရာကျေးရွာ အုပ်ချုပ်ရေး၊ စာသင်ကျောင်း၊ ပန်းခြံမြေနေရာ၊ အားကစားကွင်း၊ သောက်သုံးရေကန်စသည်ဖြင့် စုံလို့ပါပဲ၊ စနစ်ကျလှပါပေသည်။ ထို့အတူ လမ်းဘေးတစ်လျှောက် ဆံပင်အလှပြင်ဆိုင်၊ ကာရာအိုကေဆိုင်၊ စတိုးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ လမ်းမီးတိုင်၊ တယ်လီဖုန်း၊ ဝင်းသူဇာအရောင်းဆိုင်၊ ကုန်မာဆိုင်စသည်တို့ကလည်း သူ့နေရာနှင့်သူ စနစ်တကျ၊ လမ်းတစ်လျှောက် ဟိုမှသည်၊ သည်မှဟို သွားနေသော ဆိုင်ကယ်များ၊ လူများ၊ ထွေလာဂျီကားများမှာလည်း လူတွေအပြည့်၊ သူတို့တွေမှာလည်း အပြုံးကိုယ်စီ၊ အလှကိုယ်စီ၊ ကိုယ်ပိုင်တိုက်တွေကလည်း ဟိုတစ်လုံး၊ ဒီတစ်လုံး သူတို့တွေပြုံးလို့....။

မှန်ပါပေသည်။ ယခင်နှင့် ယခုလုံးဝပင် မတူတော့ဘဲ မြို့နှင့်တူလာပြီ။ အပြောင်းလဲကြီး ပြောင်းလဲလာသော ကျောက်ကလပ်၊ ကုန်းသာယာရွာလေး၏ အလှသည်လည်း ပင်လယ်ပြင်မှ တိုက်ခတ်လာသော လေနုအေးလေးများ အောက်တွင် အေးအေးချမ်းချမ်းနှင့် လွန်စွာစိတ်ချမ်းမြေ့စရာ ကောင်းလှပါပေသည်။

နိုင်ငံတော်က အဓိကပံ့ပိုး၍ ပြည်သူများ၊ တပ်မတော်သားများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် ကြိုးစားတည်ဆောက်ခဲ့ခြင်းရလဒ်သည် ယနေ့တွင် တိုးတက်စည်ပင်ဖွံ့ဖြိုးမှုကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရခြင်းပင် ဖြစ်ပါသည်။ ဤသို့ တိုးတက်ခြင်းကလည်း လွယ်လွယ်ကူကူမဟုတ်။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီမရပ်မနား ကြမ်းတမ်းလှတဲ့ ရေတစ်တန်၊ ကုန်းတစ်တန်ခရီးတို့ဖြင့် အပြန်ပြန်အလှန်လှန် သွားခဲ့ရသလို ရေလယ်တွင် သောင်တင်၍ ဒုက္ခတွေ့ခဲ့ရမှုများ၊ မိုးတွင်း မိုးသက်လေပြင်းနှင့်အတူ ပစ္စည်းများနှင့် အန္တရာယ်များကို ကျော်လွှားရမှုများကား အကြိမ်ရေမနည်းပါပေ။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏ စေတနာနှင့် နိုင်ငံသားများ၏ တစ်ဦး၏ ဒုက္ခကို မမြင်တွေ့လိုဘဲ မျှဝေခံစားလိုတဲ့ စိတ်စေတနာ အပြည့်အဝဖြင့် ကူညီချင်ကြသော မွန်မြတ်သည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့က အခက်အခဲ အကျပ်အတည်းများကို ကျော်လွှားသွားကြပြီ ဖြစ်ပါသည်။ ပြည်တွင်းအားသည် ပြည်တွင်းမှာသာ အမှန်တကယ်ရှိနေပါတကား။

ဤမုန်တိုင်းဒဏ်ခံ ဒေသဖြစ်သည့် ချောင်းဝ၊ ပြင်ခရိုင်၊ ကျောက်ကလပ် ဒေသတို့သည် ထိုစဉ်ကာလက အခြေအနေမှာ ပျက်စီးဆုံးရှုံးမှုများပြီး သုညအဆင့်သို့ ရောက်ရှိခဲ့ကြလေသည်။ ပထမအဆင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် တစ်ပြိုင်တည်းမှာပင် ဒေသခံတို့၏ အိုးအိမ်များ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရသကဲ့သို့ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများကိုလည်း အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးခဲ့ရပေသည်။ ထို့အတူ ကျေးရွာပျက်စီးသွားသော ဒေသများတွင် နေရာသစ်၌ ရွာသစ် ပြန်လည် တည်ဆောက်ပေးခြင်းတို့ကိုလည်း နိုင်ငံတော်က စီစဉ်ဆောင်ရွက်ခဲ့ရပေသည်။ ဤမျှ ကြီးမားကျယ်ပြန့်သော လုပ်ငန်းကို နိုင်ငံတော်နှင့်အတူ တစ်နိုင်ငံလုံးရှိ ပြည်သူအားလုံးက အမျိုးသားရေး ခံယူချက်ဖြင့် ဝိုင်းဝန်းပူးပေါင်းဖြေရှင်းခဲ့၊ ဆောင်ရွက်ခဲ့ကြသလို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အင်အား၊ ပြည်သူ့ဝန်ထမ်းများဖြင့် မှန်ကန်စွာ စုဖွဲ့အကောင်အထည်ဖော်ဆောင်ရွက်မှု၏ ရလဒ်အဖြစ် တစ်နှစ်ကျော်ကာလအတွင်း ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဒေသခံတို့၏ စားဝတ်နေရေးများသည် ပုံမှန်ထက်ပင် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(သတင်းစဉ်)**

နှစ်ထပ် RC ကျေးရွာမူလတန်းကျောင်း တစ်ကျောင်းကိုတွေ့ရစဉ်။



ပြင်ခရိုင်ဒေသ၌ တည်ဆောက်လျက်ရှိသော လူ ၅၀၀ဆံ့ Cyclone Shelter တစ်လုံးကို တွေ့ရစဉ်။

လတ်ဗီးယားသမ္မတနိုင်ငံ၏ သမိုင်းကြောင်းကို စေ့ငုပါလျှင် . . . .

နိုင်ငံတကာ သတင်းအက်ဆေး

လတ်ဗီးယား သမ္မတနိုင်ငံသည် ဥရောပအရှေ့မြောက် ဘော်လ်တစ်ပင်လယ်ဒေသတွင်တည်ရှိသည်။ ဥရောပတိုက်၏ အရှေ့မြောက်ဒေသမှ ဤနိုင်ငံသည် ဆိုဗီယက်ဘော်လ်တစ်သမ္မတနိုင်ငံဟောင်း သုံးနိုင်ငံအနက် ပထဝီဝင်အရ အလယ်၌တည်ရှိသည့်အလျောက် မြောက်ဘက်အိမ်နီးချင်း အက်စတိုးနီးယား သမ္မတနိုင်ငံနှင့် သမိုင်းယဉ်ကျေးမှုအဆက်အစပ်များရှိပြီး တောင်ဘက်အိမ်နီးချင်း လစ်သူယေးနီးယားသမ္မတနိုင်ငံနှင့်မူ ဘာသာစကားနီးနွယ်မှုရှိသည်။

ချုပ်ကိုင်ထား

၁၉၁၈ ခုနှစ်တွင် လတ်ဗီးယား အမျိုးသားကောင်စီက လွတ်လပ်သည့် အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် ကြေညာသည်။ ၁၉၁၈-၁၉၂၀ ခုနှစ်တွင် ပြည်တွင်းစစ်ဖြစ်သည်။၁၉၃၄ခုနှစ်တွင် တည်ငြိမ်မှုမရှိသော အစိုးရ အဆက်ဆက်အုပ်ချုပ်အပြီး ဝန်ကြီးချုပ်ကာလစ်နူလ်မာနစ်က အာဏာကို လုံးဝချုပ်ကိုင်ထားသည်။

ကျူးကျော်

၁၉၄၀ပြည့်နှစ်တွင် ဤနိုင်ငံအတွင်း ဆိုဗီယက်တပ်များ ကျူးကျော်ဝင်ရောက်သည်။ ဤနိုင်ငံမှာ အခြား ဘော်လ်တစ်သမ္မတနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် အက်စတိုးနီးယား၊ လစ်သူယေးနီးယားတို့နှင့်အတူ ဆိုဗီယက် ပြည်ထောင်စုအတွင်း သွတ်သွင်းခံလိုက်ရသည်။

ချေမှုန်း

၁၉၄၁ ခုနှစ်တွင် နာဇီတပ်များ ကျူးကျော်လာသည်။ လတ်ဗီးယားဂျူး ၇၇၀၀၀ တို့မှာ နာဇီနှင့် လတ်ဗီးယားရဲတပ်ဖွဲ့၏ သတ်ဖြတ်ခြင်းခံလိုက်ရသည်။ ၁၉၄၄ ခုနှစ်တွင် တပ်နီတော်များ ပြန်လာသည်။ ဆိုဗီယက်ဆန့်ကျင်မှုကို ချေမှုန်းပြီး လတ်ဗီးယားပြည်သူအချို့ကို နိုင်ငံမှ နှင်ထုတ်လိုက်သည်။

ကြေညာ

၁၉၈၆ ခုနှစ်တွင် အမျိုးသားရေးဝါဒီများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများက ပထမဆုံးဆိုဗီယက်ဆန့်ကျင်ရေး စီတန်းလှည့်လည် ဆန္ဒပြကြသည်။ ၁၉၈၈ ခုနှစ်တွင် လွတ်လပ်ရေးအရေးတော်ပုံ အရှိန်မြှင့်ရန် လတ်ဗီးယားပြည်သူ့တပ်ဦးကို ထူထောင်သည်။ ၁၉၉၀ပြည့်နှစ်မေလတွင် လတ်ဗီးယားဦးစီးကောင်စီ(ပါလီမန်)က လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးကြေညာသည်။

ပြည်သူ့တပ်ဦးမှ အိုင်ဗာဂေါ့မာနစ် ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

၁၉၉၁ခုနှစ်ဇန်နဝါရီလတွင်လွတ်လပ်ရေးလှုပ်ရှားမှုကို ဆန့်ကျင်သည့် ဆိုဗီယက်လိုလားသော အင်အားစုများ၏ လှုပ်ရှားမှုတစ်ရပ်အဖြစ် အိုမွန်ဆိုဗီယက် ရဲအထူးတပ်ဖွဲ့က ရီဂါမြို့တော်မှ လတ်ဗီးယားပြည်ထဲရေးဝန်ကြီးဌာနကို စီးနင်းတိုက်ခိုက်ပြီး ခြောက်ဦး သေဆုံးသည်။ ထိုနှစ် မတ်လတွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရာ ပြည်သူအများစုက လွတ်လပ်ရေးလိုလားကြောင်း မဲဆန္ဒပေးကြသည်။ ထိုနှစ် ဩဂုတ်လတွင် ရီဂါမြို့တော်၌ အိုမွန်ရဲအထူးတပ်ဖွဲ့က ထပ်မံ သပိတ်မှောက်သဖြင့် ခြောက်ဦးသေဆုံးပြန်သည်။ လတ်ဗီးယား ဦးစီးကောင်စီက အပြည့်အဝလွတ်လပ်ရေး ရရှိပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ ထိုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂ အဖွဲ့ဝင် ဖြစ်လာခဲ့သည်။

ရွေးချယ်

၁၉၉၃ခုနှစ် ဇွန်လတွင် အမတ်နေရာ ၁၀၀ရှိသည့် ပါလီမန်အတွက် ပထမဆုံး လွတ်လပ်သည့် ရွေးကောက်ပွဲကျင်းပသည်။ ထိုနှစ် ဇူလိုင်လတွင် ဂန်တစ်အူလ်မာနစ်အား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၉၆ခုနှစ်တွင် ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့သည်။

ထွက်ခွာ

၁၉၉၄ခုနှစ် ဩဂုတ်လတွင် ရုရှားတပ်၏ နောက်ဆုံးလက်ကျန်တပ်ဖွဲ့ဝင်များ ဤနိုင်ငံမှ ထွက်ခွာသွားကြသည်။ ၁၉၉၅ ခုနှစ်တွင် ဥရောပကောင်စီဝင် ဖြစ်လာခဲ့သည်။ ၂၀၀၄ခုနှစ် မတ်လတွင် နေတိုးတပ်ဖွဲ့ဝင် ဖြစ်လာသည်။ ထိုနှစ် မေလ ၁ ရက်တွင် ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင်သစ် ၁၀နိုင်ငံတွင် ဤနိုင်ငံပါဝင်သည်။

ရပ်တည်

၂၀၀၄ခုနှစ် မတ်လတွင် ရုရှားနှင့် နယ်နိမိတ်ရေးဆွဲရေးစာချုပ်လက်မှတ်ရေးထိုးသည်။ လတ်ဗီးယားသမ္မတနိုင်ငံသည် သစ်တောနှင့် ငါးဖမ်းသည့် ပင်လယ်ပျော်လုပ်ငန်းတို့ကို အရေးပါသော စီးပွားရေးကဏ္ဍများအဖြစ် ထားရှိသည်။ ရာစုနှစ်ပေါင်းများစွာ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။

အခြေချ

ဆိုဗီယက်ခေတ်တွင် ဤနိုင်ငံ၌ အကြီးစား စက်မှုထွန်းကားသည့်အတွက် ဆိုဗီယက်ပြည်ထောင်စု၏ အခြားဒေသများမှ လာရောက်အခြေချသူများရှိသည်။

ဤနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် အိမ်နီးချင်း ဘော်လ်တစ်နိုင်ငံများကဲ့သို့ တံခါးဖွင့်စီးပွားရေးကိုကျင့်သုံးပြီး ပြုပြင်ပြောင်းလဲခဲ့ရာ အလားအလာ ကောင်းမွန်လျက်ရှိသည်။ ။

ကိုးကား-အင်တာနက်

တိုးရေးသားသည်

ဤနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် အိမ်နီးချင်း ဘော်လ်တစ်နိုင်ငံများကဲ့သို့ တံခါးဖွင့်စီးပွားရေးကိုကျင့်သုံးပြီး ပြုပြင်ပြောင်းလဲခဲ့ရာ အလားအလာ ကောင်းမွန်လျက်ရှိ။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊ အေးသန္တာသိန်းနှင့်မြကေခိုင်စိုး

ဘဝဒဿန

- ***The safest and best way to punish one who has done you an injustice is to do him a kind deed in return.***
  သင့်အပေါ်၌ မတရားမှုကို ပြုလုပ်ခဲ့သူတစ်ဦးအား အန္တရာယ်အကင်းဆုံးနှင့် အကောင်းဆုံးအပြစ်ပေးနည်းမှာ ၎င်းအား အကြင်နာမေတ္တာဖြင့် တုံ့ပြန်ဆက်ဆံခြင်းပင်ဖြစ်သည်။

- ***The only safe way to boast is by constructive deeds and not by words.***
  အန္တရာယ်ကင်းသောကြွားဝါမှုသည် စကားလုံးများဖြင့် မဟုတ်ဘဲ အပြုသဘောဆောင်သည့် လုပ်ရပ်များဖြင့်သာ ပြသခြင်းဖြစ်သည်။

နပိုလီယံဟီးလ်

ကမ္ဘာ့အဆန်းပြားဆုံး လှေကားများ

မောင်မောင်မြင့်ဆွေ စုစည်းသည် ■ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီး၌ အဆောက်အအုံများစွာတွင် လှေကားများကို ခေတ်မီဆန်းသစ်စွာ တည်ဆောက်မှုခေတ်စားလာလျက်ရှိရာ အထူးခြားဆုံး လှေကားအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

မြူးနစ်မြို့မှ အမ်ချရီဘန်လှေကား

ဂျာမနီနိုင်ငံ မြူးနစ်မြို့ ကေပီအမ်ဂျီအဆောက်အအုံ၌ ထည့်သွင်းတည်ဆောက်ထားသော လှေကားဖြစ်သည်။ အမ်ချရီဘန်လှေကားဟု အမည်ပေးထားပြီး ကမ္ဘာပေါ်၌ ဒီဇိုင်းပုံစံ အဆန်းပြားဆုံး လှေကားလည်းဖြစ်သည်။ ယင်းလှေကားကို ဒီဇိုင်းပညာရှင် အိုလာဖာအီလီရာဆန်က ပုံစံထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၄ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည်။ ရုပ်ရှင်နှင့် ဓာတ်ပုံဖလင်ပြားပုံသဏ္ဍာန် ပြုလုပ်ထားခြင်းဖြစ်ရာ**(အောက်ပုံ)** အနုပညာဆန်စွာ ခံစားနိုင်ရန် လှေကားပုံစံတီထွင်ထားခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ဒီဇိုင်းပုံစံ အထူးခြားဆုံးနှင့် အလှပဆုံး လှေကားအဖြစ် မှတ်တမ်းတင်ခြင်းခံထားရသည်။

(အင်တာနက်)



ပေါ်တိုမြို့မှ လီရိုလှေကား

ပေါ်တူဂီနိုင်ငံ ပေါ်တိုမြို့ရှိ လီရိုစာအုပ်ဆိုင်အဆောက်အအုံ၌ ထည့်သွင်းတည်ဆောက်ထားသော ထူးခြားလှပသည့် ဒီဇိုင်းပုံစံလှေကားဖြစ်သည်။ မြွေတစ်ကောင်ဒီဇိုင်းပုံစံအတိုင်း (အပေါ်ပုံ) တည်ဆောက်ထားခြင်းဖြစ်ပြီး မည်သည့်ရှုထောင့်မှ ကြည့်သည်ဖြစ်စေ မြွေတစ်ကောင်၏ပုံစံအတိုင်း မြင်တွေ့နိုင်ရန် ပြုလုပ်ထားသည်။ လီရိုစာအုပ်ဆိုင်သည် ပေါ်တူဂီ၌ အကြီးဆုံးစာအုပ်ဆိုင်ကြီးတစ်ဆိုင်ဖြစ်သလို လီရိုလှေကားသည်လည်း ကမ္ဘာပေါ်တွင် ဒီဇိုင်းပုံစံဆန်းပြားသည့် လှေကားအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။(အင်တာနက်)

ဆစ်ဒနီမြို့ရှိ စပီရယ်လှေကား

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ ဂါဗန်သက်မွေးပညာသိပ္ပံကျောင်းအဆောက်အအုံ၌ ထည့်သွင်းတည်ဆောက်ထားသည့် လှေကားဖြစ်သည်။ အထပ်ငါးထပ်မြင့်သော အဆောက်အအုံပေါ်ရှိ တစ်ထပ်ချင်းစီသို့ လှေကားတစ်စင်းတည်းဖြင့် အတက်အဆင်း လွယ်ကူစွာပြုလုပ်နိုင်ရန် ဆန်းပြားသောဒီဇိုင်းပုံစံဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ **(အောက်ပုံ)**ကမ္ဘာပေါ်တွင် ဒီဇိုင်းပုံစံထူးခြားသော လှေကားအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ **(အင်တာနက်)**

10-12 (15).pmd 1 12/10/2009, 1:08 PM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။

* RFA, DVB - သွေးထိုးနေသည်။

* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

* နားမယောင်လေနဲ့ သတိထား။

ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၉

ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ငန်းများဆက်သွယ် ဆောင်ရွက်ရန်အတွက် ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ထားသူ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ယနေ့ မွန်းလွဲ ၁နာရီ ၅မိနစ်မှ ၁နာရီ မိနစ် ၅၀အထိ ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်

၉-၁၂-၂၀၀၉

ဟားခါးမြို့	-၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၅ ဒီဂရီစင်တီဂရိတ်
တီးတိန်မြို့	၆ ဒီဂရီစင်တီဂရိတ်
အမ်းမြို့	၆ ဒီဂရီစင်တီဂရိတ်

အတွေးသစ်၊ အမြင်သစ်တို့နှင့်အတူ အသွင်သစ်သို့ ပြောင်းလဲတိုးတက်လာသော

ဧရာဝတီတိုင်း ချောင်းဝ၊ ပြင်ခရိုင်၊ ကျောက်ကလပ်၊ ကုန်းသာယာ

နေပြည်တော် ဒီဇင်ဘာ ၉

တန်ဆောင်မုန်းလပြည့်ရန် တစ်ရက်သာလိုတော့ပါသည်။ လသည် ပြည့်လုနီးပါး ဖြစ်နေပေပြီ၊ ကျွန်တော် ပုသိမ်ရောက်တော့ ည ၈နာရီ ရှိလေပြီ။ တော်သေးသည် ကျွန်တော်လိုက်မည့် လိုင်းကောင် (ပုသိမ်နှင့် ဟိုင်းကြီး၊ ချောင်းဝ၊ ပြင်ခရိုင်သွား လိုင်းသင်္ဘောများကို ဒေသအခေါ် လိုင်းကောင်ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။) ညစဉ် ၈နာရီ ထွက်နေကျဖြစ်သော်လည်း ယနေ့ညတွင် ည ၉နာရီမှ ထွက်ဖြစ်ခဲ့သည်။ လရောင်ကြောင့် ထင်ပါသည်။ ပုသိမ်မြစ်ကမ်းတစ်လျှောက်ရှိ တိုက်တာ အဆောက်အအုံများ၊ မြစ်တွင်း ရုပ်ပြေးအမြန်ယာဉ်များ၊ လိုင်းသင်္ဘောများနှင့် ငါးဖမ်း စက်တပ်လှေငယ်များ၏ ရောင်စုံအလှသည် တန်ဆောင်မုန်းညအလှနှင့်အတူပြိုင်၍ လှပနေခဲ့ပေသည်။

ကျွန်တော် စီးလာခဲ့သော လိုင်းကောင်သည် ပြင်ခရိုင်သို့ ဆိုက်ကပ်မည်ဖြစ်ပါသည်။ ယခင်ကလည်း ကျွန်တော်ရောက်ခဲ့ဖူးသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✳

ဧရာဝတီတိုင်း ချောင်းဝရှိ စက်မှုလက်မှုအထက်တန်းကျောင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄) နှင့် (၅)တွင် ဖော်ပြထားပါသည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
မောင်လှသိန်း (သူရဲသမိန်)

စာမျက်နှာဖွဲ့စည်းမှု
ခင်သန္တာသိန်း (မြန်မာ့အလင်း)